## သုတေသနနှင့် သတင်းအချက်အလက်

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

## ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# သုတေသနနှင့် သတင်းအချက်အလက်

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။

ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။

ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဒေသ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။
အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။



**ဦးတည်ချက်။** အပြည်ပြည်ဆိုင်ရာသဘောတူ ပြဌာန်းချက်များ အပါအဝင် ကလေးအလုပ်သမားဆိုင်ရာကိန်းဂဏန်းနှင့်အချက်အလက်များ ရှာဖွေတွေ့ရှိရန်ဖြစ်သည်။ အင်တာနက် အပါအဝင်အရင်းအမြစ်အမျိုးမျိုးမှ အကြောင်းအရာ တစ်ခုကို ပိုမိုအသေးစိတ်သုတေသနမည်သို့ဆောင်ရွက်ရမည်ကို သင်ယူတတ်မြောက်သွားရန်။



**အကျိုးအမြတ်။** အခြေခံလူ့အခွင့်အရေး၊ ပို၍တိကျစွာဆိုရလျှင် ကလေးသူငယ်များ၏အခွင့်အရေးများနှင့် ဆိုင်သော အသိဉာဏ်၊ ဗဟုသုတ တိုးပွားလာမည်။ ကမ္ဘာကြီးမည်သို့အပြန်အလှန်ဆက်စပ်နေသည် နှင့် လူ့အပြုအမူကိုစိုးမိုးနေ သည့်စည်းမျဉ်းများကို ပိုမိုသိရှိနားလည်သွားမည်ဖြစ်သည်။

## အချိန်။

တချိန်ချင်း ၆ ချိန် နှင့် နှစ်ချိန်ဆက်ပေါင်း တစ်ချိန်

## စေ့ဆော်မှု

ကျွန်ုပ်တို့သည် အပြန်အလှန်ဆက်စပ်နေသောကမ္ဘာတွင် နေထိုင်နေကြပါသည်။ နေ့စဉ်ပို၍ဖြစ်ထွန်းနေပါသည်။ လူငယ်များအနေဖြင့် ၎င်းတို့သည်အခြားနိုင်ငံများမှသက်ရှယ်တူများဖြင့် ဆက်စပ်မှုရှိနေသည်ကိုသိမြင်နားလည်သဘောပေါက်ရန်အရေးကြီးပါသည်။ မည်သည့်အရာမှ သီးခြားဖြစ်တည်မှု မရှိပါ။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပဋိပက္ခများသည် မည်သည့်နေရာတွင် ဖြစ်နေစေကာမူ ကမ္ဘာတစ်ခုလုံးသို့ရိုက်ခတ်နေပါသည်။ သတင်းအချက်အလက်နှင့် ကြေးနန်းဆက်သွယ်ခြင်းတို့၏စွမ်းပကားတော်လှန်ပြောင်းလဲခြင်းကို လူထုဆက်သွယ်ရေးအနေဖြင့် အနည်းအကျဉ်းသာ သတိပြုမိသည်။ ကမ္ဘာကြီးသည်တဖြည်းဖြည်းကျုံ့လာပြီး'ကမ္ဘာ့ရွာ' ကြီးအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ဤလုပ်ငန်းစုများ၏ အဓိကဦးတည်ချက် မှာ ကမ္ဘာအနှံ့လူငယ်များဆက်စပ်မှု ရှိစေရေးဖြစ်သည်။

### အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုကိုသင့်အုပ်စုအား အစောပိုင်းတွင်မိတ်ဆက်ပေးရန်ထောက်ခံအကြံပြုပါသည်။ သုတေသနမည်သို့ပြုလုပ်ရသည်ဆိုသည်နှင့် အခြားလုပ်ငန်းစုများပြီးသည့်အခါ မည်သို့အကောင်အထည်ဖေါ်ရမည်ဆိုသည့်သင်တန်းနှစ်မျိုးလုံးကို ပြုလုပ်ပေးမည်ဖြစ်သည်။ အထူးသဖြင့် တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်း စု၊ စကားရည်လုခြင်းနှင့်လူထုဆက်သွယ်ရေးလုပ်ငန်းစုများပြီးလျှင်ဖြစ်သည်။ အုပ်စုအနေဖြင့် မိမိကိုယ် မိမိယုံကြည်မှုကို ပထမဆုံးတည်ဆောက်ရန်လိုသည်။ ဤလုပ်ငန်းစုမှ အချို့လေ့ကျင့်ခန်းများသည် လူငယ်များအတွက် လွယ်ကူမည်မဟုတ်ပါ။ မိမိကိုယ်တိုင်လုပ်ကိုင်ရသည့်အခါမျိုးတွင်ဖြစ်သည်။



ဖွံ့ဖြိုးပြီးနှင့် စက်မှုနိုင်ငံ များကြား၊ ပဋိပက္ခဖြစ်နေသောဒေသများနှင့် ငြိမ်းချမ်းနေသောဒေသများကြား၊ ကလေးအလုပ်သမားများနှင့် ပညာရေးနှင့် အခြေအနေ ကောင်းမွန်သောမိသားစုပတ်ဝန်းကျင်မှ အကျိုးခံစားရသောကလေးများကြား ဖြစ်သည်။

လူရွယ်များအတွင်း ဆက်ဆံရေးပိုကောင်းလာစေရန်နှင့် စုစည်းမှုရှိရန် လိုသည်ကိုခိုင်မြဲစွာသိရှိစေပြီး ယင်းတို့ ပေါ်ထွက် လာရေးတို့သည် ဤအစီအစဉ်အောင်မြင်ရေးအတွက် အလွန်အရေးကြီးပါသည်။

အင်တာနက်အပါအဝင် အရင်းအမြစ်အမျိုးမျိုးမှ ကလေးအလုပ်သမားနှင့် ပတ်သက်သောသတင်းအချက်အလက် အများ အပြားရရှိနေနိုင်ပါသည်။ မည်သည့်နေရာတွင်ဖြစ်ပေါ်နေသည်၊ စာရင်းအင်းအချက်အလက်၊ ဥပဒေများ၊ ကလေးအလုပ် သများပပျောက်ရန်လုပ်ဆောင်နေမှုများ၊ ကလေးများနှင့် ၎င်းတို့မိသားစုကိုကူညီမှုများ၊ ဆောင်ရွက်ဆဲလှုပ်ရှားမှုများအစ ရှိသည့်သတ င်းအချက်အလက်များဖြစ်သည်။ ယင်းသတင်းအချက်အလက်များရရှိနိုင်သ ည်ကို လူရွယ်များအားသိရှိ စေရန်လိုပါသည်။ ၎င်းတို့ရရှိရန်ကြိုးပမ်းမှုတွင် ပံ့ပိုးပေးရပါမည်။ ဤလုပ်ငန်းစုများ၏ သဘာဝအနေအထားအရ အုပ်စုအနေဖြင့် ၎င်းအချက်အလက်များကို ယခုပြုလုပ်မည့်သတင်းအချက်အလက်တွ င် ထပ်ပေါင်းနိုင်မည်ဖြစ်သည်။ စာရင်းအင်းအချက်အလက်များမဟုတ်ပါ။ လူရွယ်များအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးလှုပ်ရှားမှုတွင်ပါဝင် မှုလှုပ်ရှားမှုများနှင့် ပတ်သက်သော ဖြစ်ရပ်လေ့လာမှုများ ဖြစ်ပါသည်။

လူရွယ်များအနေဖြင့် ကမ္ဘာ့လူမှုအဖွဲ့အစည်းဝင်များ ဖြစ်သည်ဆိုသည်ကို နားလည်သဘောပေါက် ထားရန်လိုပါသည်။ အခြားသူများကဲ့သို့ကမ္ဘာကြီးတွင် ဘာဖြစ်နေသည်ကို မျှဝေရန်တာဝန်ရှိသည်။ ကောင်းသည်၊ ဆိုးသည်၊ ဂရုမစိုက်ဘဲ ထားသည်တို့ဖြစ်သည်။ လူမှုအဖွဲ့အစည်းအထူးသဖြင့်ဩဇာရှိေ သာသူများက ထိုဝန်ထုပ်ဝန်ပိုးကို လူရွယ်များအားမျှဝေ ခံယူစေလိုလျှင် လူရွယ် များကိုပို၍တာဝန်ယူလာနိုင်ရန် ပြင်ဆင်ပေးရမည်ဖြစ်သည်။ အရေးကြီးသည့် ဆွေးနွေးအဖြေရှာ ရမည့်ကိစ္စများအတွက် အရေးယူဆောင်ရွက်နိုင်ရန် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ဤလုပ်ငန်းစုသည် အုပ်စုအား တာဝန်ယူလိုမှုပြင်းပြလာအောင် လုပ်ဆောင်ပေးရန်ဦးတည်ပါသည်။ နောက်လုပ်ငန်းစုများအတွက်အဆင်သင့်ဖြစ်နေ စေရန်ဖြစ်သည်။ ၎င်းတို့ကိုအရေးယူဆောင်ရွက်နိုင်ရန် ဆီလျော်သည့်နည်းများ သင်ကြားပေးမည်ဖြစ်သည်။ ယင်းတွင် ဦးတည်ချက်နှစ်ရပ်ရှိသည်။ ရှိ ပြီးသားအချက်များကိုလက်လှမ်းမီရေးတွင် လူရွယ်များကိုအထောက် အကူပြုခြင်းနှင့် နောက်ပိုင်းအဆင့်တွင် အကူအညီပေးရန်ဖြစ်သည်။ ရပ်ရွာနှင့် စီးပွားရေးခေါင်းဆောင်များအား တွေ့ဆုံမေးမြန်းခြင်းဖြင့် ထိုသတင်းအချက်အလက် ပိုမိုခိုင်မာစေရန်ဖြစ်သည်။

ဤလုပ်ငန်းစုကိုဆောင်ရွက်အကောင်အထည်ဖေါ်ခြင်းဖြင့် ကလေးအ
လုပ်သမားပပျောက်ရေးအတွက်လုပ်ဆောင်ခြင်း သည်ရှုပ်ထွေးပြီးေ
ကြာက်စရာကောင်းသော်လည်း ထိုသို့ကြိုးပမ်းရာတွင် ၎င်းတို့ချည်း
မဟုတ်ကြောင်းသိစေနိုင်ပါသည်။ ဤကိစ္စကိုဆောင်ရွက်နေသော အခြားအ
ဖွဲ့အစည်းများနှင့်အုပ်စုများ၊ ပုဂ္ဂိုလ်များလည်း ရှိနေပါသည်။ ထို့ပြင် ကလေး
အလုပ်သမားပပျောက်ရေးအတွက် အစိုးရများအားအထောက်အကူပြုရန်
နိုင်ငံတကာအဆင့်တွင် စည်းမျဉ်းများနှင့် ဥပဒေသများ
ရှိနေသည်ဆိုသည်ကိုလည်း လူရွယ်များအားမိတ်ဆက်ပေးနိုင်ပါသည်။

ကလေးအလုပ်သမားနှင့်ပတ်သက်၍ လူရွယ်များနားလည်ရန်အခက်ဆုံး
အပိုင်းမှာ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းမှုများနှင့် အချို့အစိုးရများက အေ
ကာင်းဆုံးကြိုးပမ်းမှုများရှိနေစေကာမူ ကလေးအလုပ်သမားများ ရှိနေခြင်း
ဆိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးတွင်ပါဝင်နိုင်သ
ည့် အခန်းကဏ္ဍတစ်ခုရှိနေရပါသည်။ ယင်းအခန်းကဏ္ဍသည်မျိုးဆက်
တစ်ခုပြီးတစ်ခုစွဲမြဲနေစေရပါမည်။ ကလေးများအားလုံး လွတ်လပ်မှုကိုေ
ပျာ်ရွှင်စွာခံစားနိုင်ပြီး ၎င်းတို့အား အကာအကွယ် ပေးသေချာပြုစုသည့်
ဘဝအရည်အသွေးရောက်သည်အထိဖြစ်သည်။

## ကြိုတင်ပြင်ဆင်ခြင်း

ဤအစီအစဉ်၏ရပ်ရွာပူးပေါင်းပါဝင်မှု အစိတ်အပိုင်းအနေဖြင့်
သင့်ဒေသတွင်းမှ မိတ်ဖက်ဆောင်ရွက်နိုင်သူများကို သင့်အနေဖြင့်
စဉ်းစားရန်လိုပါသည်။ ၎င်းတို့သည် ဤလုပ်ငန်းစု၏ သုတေသနပြုလုပ်ခြင်းတွင်
အထောက်အကူပြုနိုင်ပြီး သတင်းအချက်အလက် အမှန်ပေးနိုင်သူများ
ဖြစ်ရပါမည်။

### စာကြည့်တိုက်များ

အထင်ရှားဆုံးမိတ်ဖက်မှာ ဒေသတွင်းရှိ စာကြည့်တိုက်များ ဖြစ်သည်။
ပညာရေးဌာနများမှ စာကြည့်တိုက်များလည်း ပါဝင်ပါသည်။
လူမှုအဖွဲ့အစည်းသတင်းအချက်အလက် နှင့် စီးပွားရေးဗဟုသုတတို့တွင်
နိုင်ငံအများအပြား၏ စာကြည့် တိုက်စနစ်သည် ပို၍ပို၍အရေးကြီးလာပါသည်။
၎င်းတို့၏ဝန်ဆောင်မှုများကောင်းလာအောင်လည်း ကြိုးပမ်းနေကြ သည်။
ပညာရေးဖလှယ်မှုနှင့် အင်တာနက်မှတဆင့် ကမ္ဘာ့ဝက်ဘ်ဆိုဒ်ကို လက်လှမ်းမီရ
န်ပြုလုပ်ပေးနေပါသည်။



သင့်နယ်မြေတွင်းတွင်စာကြည့်တိုက်အမျိုးမျိုး၏ စီမံခန့်ခွဲမှုကို ချဉ်းကပ်ပါ။
ပြင်ပအရင်းအမြစ်အနေဖြင့် ဤလုပ်ငန်းစုတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းရှိ၊
မရှိဆွေးနွေးပါ။ စာကြည့်တိုက်တွင် အင်တာနက်သုံးနိုင်ပြီး ကွန်ပျူတာများ
ရှိခဲ့လျှင်အသုံးဝင် ပါသည်။ ၎င်းတို့အနေဖြင့်အုပ်စုအားအသုံးပြုခွင့်ပေးနို




င်ပါသည်။ လိုအပ်လျှင် သင်ကြားပေးနိုင်ပါသည်။ နိုင်ငံအများ အပြားတွင် ပြည်သူကိုအရေးကြီးသော ဝန်ဆောင်မှုပေးပါသည်။ ထို့ကြောင့်သင်၏စီမံချက်တွင် မိတ်ဖက်အဖြစ် ဝမ်းမြောက်ဝမ်းသာစွာပါဝင်နိုင်မည် ဖြစ်သည်။

သင့်နယ်မြေအတွင်းရှိ စာကြည့်တိုက်တာဝန်ခံများကိုဆက်သွယ်ပါ။ စာသင်ကျောင်းနှင့် ကောလိပ်ကျောင်းတွင် ဖြစ်လင့် ကစားဆက်သွယ်ပါ။ သင့်စီမံချက်အကြောင်းရှင်းပြပါ။ ၎င်းတို့၏စာကြည့်တိုက်အနေဖြင့် အုပ်စုအားလာရောက်ပြီး မီဒြမ်း ဌာနတွင်သုတေသနပြု၍ရ၊ မရမေးပါ။ မီဒြမ်းစာအုပ်ဌာန မည်သို့သုံးစွဲရသည်နှင့်ပတ်သက်၍ အုပ်စုအားသင်ကြားပေးနိုင်ခြင်းရှိ၊ မရှိမေးပါ။ သတင်းအချက်အလက်များရရှိမှုနှင့်ကူးယူခြင်းသို့ မဟုတ် မှတ်စုရေးခြင်းလားဆိုစသည့် ဆောင်ရွက်ပုံရှာဖွေပါ။ အင်တာနက်ရရှိနိုင်လျှင် အင်တာနက်အသုံးပြုပုံကိုအုပ်စုအားသင်ကြားပေးနိုင်ခြင်းရှိ၊ မရှိ မေးပါ။ အီးမေးလ်အသုံးပြုပုံအစရှိသည်တို့ဖြစ်သည်။ သင့်အုပ်စုထဲမှအချို့သည် သင်တန်းလိုမည်မဟုတ်ပါ။ သို့သော်အချို့လိုပါ မည်။ အင်တာနက်တွင် ကလေးအလုပ်သမားနှင့်ပတ်သက်သော သတင်းအချက်အလက်အများ အပြားရရှိနိုင်ပါ သည်။ သင်အုပ်စုအနေဖြင့် အင်တာနက်သုံးခွင့်ရလျှင် လွန်စွာတန်ဖိုးရှိမည်ဖြစ်သည်။

စာကြည့်တိုက်မှ "ဖတ်ရှုရန်စာရင်း" ပြုနိုင်ပါသည်။ ကလေးအလုပ်သမား၊ ကလေးကိုခေါင်းပုံဖြတ်ခြင်းနှင့် အခြား ဆက်စပ်နေသောကိစ္စရပ်များနှင့် ပတ်သက်သည့်အကြောင်းအရာများပေါ် ရေးထားသည့် ဝတ္ထုနှင့် ဝတ္ထုမဟုတ်သော စာအုပ်များကို ခွဲခြားစာရင်းပြုနိုင်ပါသည်။ ယင်းတို့ကိုအုပ်စုအား ဖတ်ရှုနိုင်စေရပါမည်။ လူမှုရေးတရားမျှတမှုကို မြှင့်တင် ပေးသည့်စာရေးဆရာများကမ္ဘာတွင်အများအပြားရှိပါသည်။ စာကြည့်တိုက်သည်ယင်းစာအုပ်များဖြင့် မိတ်ဆက်ပေးနိုင် သည်။ ထိုဘာသာရပ်အပေါ် ပိုမိုဖတ်ရှုစေရန် တိုက်တွန်း အားပေးနိုင်ပါသည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

လုပ်ငန်းစုများသည်ဖေါ်ထုတ်ပြရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် အနုပညာပုံစံမျိုးစုံကို နည်းပညာအဖြစ်အသုံးပြုရန် အလေးပေးပါသည်။ ရေးသားထားသောစာလုံးများသည် ယင်းအပိုင်းတွင် အလွန်အစွမ်းထက်ပါသည်။ ဆန်းစစ်ရေးသားခြင်းလုပ်ငန်းစုကိုဖတ်ရှုပြီးနောက် ယင်းလုပ်ငန်းစုနှစ်ခုကို ပေါင်းစပ်နိုင်ပါသည်။ စာကြည့်တိုက်များဖြင့်လုပ်ကိုင်ရာမှ ဒေသတွင်းနှင့်နိုင်ငံအဆင့် စာရေးဆရာများကို ဖေါ်ထုတ်နိုင်ပါသည်။ ထိုပုဂ္ဂိုလ်များသည်ပြင်ပအရင်းအမြစ်များ ဖြစ်နိုင်ပါသည်။ သင့်အနေဖြင့် ထိုပုဂ္ဂိုလ် များကိုဆန်းသစ်ရေးသားခြင်းလုပ်ငန်းစုတွင် အထောက်အကူပေးနိုင်ရန်ဖိတ်ကြားနိုင်ပါသည်။ ထိုပုဂ္ဂိုလ် များ၏ အမည်၊ အဖွဲ့အစည်းများကိုမှတ်သားပါ။ သူတို့ဖြင့်ဆက်သွယ်၍ သင့်စီမံချက်အကြောင်း ပြောပါ။ စာရေးဆရာများကိုဖိတ်ကြားပြီး ၎င်းတို့ရေးခဲ့သောစာအုပ်များအကြောင်း အုပ်စုအားပြောပြပါစေ။ လူ့အခွင့်အရေးအကြောင်းစကားလုံးများဖြင့် မီးမောင်းထိုးပြနိုင်သည့်အစွမ်းကို ပြောပြပါစေ။ လူအများ အနေဖြင့်အရေးယူဆောင်ရွက်နိုင်ရန်လိုကြောင်းလည်း ပြောပြရပါမည်။

## ရုပ်ရှာပူးပေါင်းမှု

သင်၏ဒေသတွင်းရှိစာကြည့်တိုက်အား “ကလေးအလုပ်သမားအခန်း” အဖြစ်ဖန်တီးရန် ဤစီမံချက်ကို သင့်အုပ်စု ဖြင့်ဆောင်ရွက်သည့်အချိန်နှင့်တိုက်ဆိုင်မှုအနေဖြင့် အကြံပြုနိုင်ပါသည်။ သင်သည်ကျောင်းတွင် ဆောင်ရွက်နေလျှင် ယင်းသည် ကျောင်းသူကျောင်းသားများအတွက် ထူးခြားစွာအကျိုးသက်ရောက်နိုင်ပါသည်။ ကျောင်းစာကြည့်တိုက် တွင် ထိုသို့သောနေရာလေးတစ်ခုပေါ်လာသည့်အတွက် စူးစမ်းလိုစိတ်ပေါ်လာစေနိုင်ပါသည်။ ထို့ပြင်ရုပ်ရှာပညာပေးမှုအပိုင်းကိုလည်းတိုးမြှင့်ပေးနိုင်ပါသည်။ စာကြည့်တိုက် အသုံးပြုသူအခြားပုဂ္ဂိုလ်များလည်းသတိထားမိပြီး လာရောက် မွှေနှောက်ကြမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်တွင် ပိုစတာမျိုးစုံနှင့် ရုပ်ပြအထောက်အကူအမျိုးမျိုးရှိပါသည်။ ၎င်းတို့ကိုတောင်းခံလျှင် ရနိုင်ပါသည်။ အုပ်စုနှင့်စာကြည့်တိုက်တို့ဖြင့် ပူးပေါင်းပြီး ကလေးအလုပ်သမားနှင့်ကလေးများ၏အခွင့်အရေးနှင့်ဆိုင်သော ကိုးကားစာအုပ်များ၊ ဝတ္ထုများ၊ လက်ကမ်း စာစောင်များ၊ စာရင်းအင်းများနှင့် သင့်အုပ်စုပြုစုထားသောအရာများ (ပုံများ၊ ဇာတ်လမ်းတိုအစရှိသည်) ကို ခင်းကျင်းပြသနိုင်ပါသည်။ ယင်းသည်အုပ်စုအား ဂုဏ်ယူစေပြီးလုပ်ပိုင်ခွင့်ကိုရရှိစေပါသည်။ ယင်းသည် ကလေးအလုပ်သမားအရေးဆွေးနွေးအဖြေရှာရန်အတွက် ၎င်းတို့မည်သည်တို့ကိုသင်ယူနေသည်နှင့် လုပ်ဆောင်နေသည်တို့ကိုရုပ်ရှာကိုဖေါ်ပြနေပါသည်။



## အလုပ်သမားများ အစည်းအရုံးများနှင့် အစိုးရမဟုတ်သော အဖွဲ့များ

နိုင်ငံအများအပြားတွင်အခွင့်အရေးနှင့်ပတ်သက်သော ဆွေးနွေးအဖြေရှာစရာကိစ္စများနှင့်ပတ်သက်သော သတင်း အချက်အလက်ရနိုင်သည့်နေရာမှာ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုနှင့် အလုပ်သမားအစည်းအရုံး နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည်။ အလုပ်သမားသမဂ္ဂများသည် အလုပ်လုပ်သောသူများကိုကိုယ်စားပြုပြီး အလုပ်သမားများနှင့်၎င်းတို့၏မိသားစုများ၏ အခွင့်အရေးများနှင့်အကျိုးစီးပွားများကို အကာအကွယ်ပေးသည်။ ၎င်းတို့အနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးများ၊ လူရွယ်အလုပ်သမားများ၏အခွင့်အရေးများ၊ အချိန်ပိုင်းအလုပ်သမားများ၏ အခွင့် အရေးများ၊ အလုပ်သမားသမဂ္ဂများ၏ဝန်ဆောင်မှုများ အစရှိသည်တို့နှင့်ပတ်သက်သော သတင်းများကိုပေးနိုင်သည်။ အလုပ်သမားသမဂ္ဂများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လူသားပြ ခင်းစာနာထောက်ထားသောအဖွဲ့များ၏ အပြည်ပြည်ဆိုင်ရာကွန်ယက်အဖွဲ့၏ အစိတ်အပိုင်းများလည်းဖြစ်နေသည်။ ၎င်းသည်ကမ္ဘာအနှံ့မည်သည့်နေရာတွင်မဆိုလူ့အခွင့်အရေးချိုးဖေါက်သည့်ကိစ္စများနှင့်သက်ဆိုင်သည်။ ၎င်းတို့သည် ကလေးအလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စများနှင့် ကလေးများအခွင့်အရေးများချိုးဖေါက်မှုနှင့်ဆိုင်သော သတင်းအချက်အလက်များကိုပေးနိုင်သည်။

ထို့ပြင်ထိုအဖွဲ့အစည်းအချို့သည် ကလေးအလုပ်သမားများနှင့်၎င်းတို့မိသားစုများကို ကူညီမှုပေးသည့် စီမံချက်များ တွင်လည်းပါဝင်နေနိုင်ပါသည်။ ယင်းသည်ကမ္ဘာအနှံ့နိုင်ငံအမျိုးမျိုးသို့မဟုတ် သင့်နိုင်ငံတွင်ပင်ရှိနိုင်ပါသည်။ ဤကိစ္စများနှင့်ပတ်သက်၍ သင့်အုပ်စုအားဟောပြောရန် ကိုယ်စားလှယ်တစ်ဦးကိုဖိတ်ကြားပါ။ သို့မဟုတ် သင့်အုပ်စုအား ထိုအုပ်စု များဖြင့်ဆက်သွယ်ပြီး သက်ဆိုင်ရာသတင်းအချက်အလက်များတောင်းယူရန်တိုက်တွန်းပါ။

## သင်လိုအပ်မည့်အရာ






သင့်အုပ်စုအလုပ်အတွက် လိုအပ်မည့်အရာများသည် ဆောင်ရွက်မည့်နေရာနှင့်အရင်းအမြစ်ရရှိနိုင်မှုအပေါ် အလွန် မူတည်ပါသည်။ ဤလုပ်ငန်းစုကိုဆောင်ရွက်အကောင်အထည်ဖော်မှုသည် တစ်နေရာနှင့် တစ်နေရာမတူညီနိုင်သည် ကိုကျွန်ုပ်တို့သိပါသည်။ လူရွယ်များအတွက် ၎င်းတို့သုတေသနတွင်အသုံးဝင်မည့် ပုံနှိပ်ထုတ်ဝေမှုများနှင့် ဝက်ဘ်ဆိုဒ် များကို နောက်ဆက်တွဲ ၁ တွင် အသေးစိပ်ဖော်ပြထားပါသည်။ အချို့အရင်းအမြစ်များကို ဂျနီဗာရှိ အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်ရုံးချုပ်သို့ ဆက်သွယ်တောင်းခံနိုင်ပါသည်။ ထို့ပြင် လိုအပ်မည့်အရာများမှာ အောက်ပါတို့ဖြစ်သည်။

- စာရွက်နှင့် မှင်တန် သို့မဟုတ် ခဲတံများ
- အင်တာနက် သုံးစွဲမှု
- အလုပ်သမားဝန်ကြီးဌာန (သို့မဟုတ် ၎င်းနှင့်အဆင့်တူသော သင့်နိုင်ငံရှိဌာန) နှင့် ဒေသတွင်းအလုပ်သမား ဌာနများ၊ ပညာရေးနှင့် လူရွယ်များ အလုပ်ခန့်ထားမှုနှင့်ဆိုင်သော နိုင်ငံတော် ဥပဒေ ပြဌာန်းချက်များ
- ကျောက်သင်ပုန်း/သင်ပုန်းဖြူ သို့မဟုတ် ရုပ်လုန်ကားချပ်

## အစပျိုးခြင်း

အုပ်စုဖွဲ့ခြင်းသည် သင့်အုပ်စုကြီးတစ်ခုလုံး၏အရွယ်အစားပေါ်မူတည်မည်ဖြစ်သည်။ သင်၏လက်ခံနိုင်စွမ်း နှင့် နှစ်မြှုပ် ဆောင်ရွက်မှုပေါ်လည်းမူတည်သည်။ ဤလုပ်ငန်းစုသည် အသိဉာဏ်ဗဟုသုတရှာဖွေခြင်းနှင့်ဆိုင်သည်။ ၎င်းတို့ကို ရရှိရန် စာသင်ခန်းပုံစံ သို့မဟုတ် အလားတူပုံစံမျိုးဖြင့် ဆောင်ရွက်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။ မည်သို့ဆိုစေ နောက်ပိုင်းတွင် အုပ်စုအား ၎င်းတို့၏သုတေသနကို ကိုယ်တိုင်လုပ်ရမည်သာဖြစ်သည်။ ယင်းကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးမှ ၄ ဦးပါသော အုပ်စုငယ်လေးများဖြင့် လုပ်နိုင်သည်။ သို့သော် အုပ်စုဖွဲ့ရာတွင်ဘက်ညီမှုရှိရန် သင့်အနေဖြင့်အထူး သတိထားရမည်။

စာကြည့်တိုက် သို့မဟုတ် အလားတူဌာနမှတဆင့်အင်တာနက် ချိတ်ဆက်နိုင်လျှင်၊ ကွန်ပျူတာအလုံးရေမှာလည်း အကန့်အသတ်ဖြစ်နေလျှင် အုပ်စုငယ်လေးများကိုဖွဲ့ရမည်သာဖြစ်သည်။ အချို့လူရွယ်များသည် အုပ်စုငယ်လေးများ တွင် သုတေသနပြုလုပ်ခြင်းနှင့်ရေးသားခြင်းကို ပို၍ကောင်းစွာလုပ်ကိုင်နိုင်ကြသည်။ အုပ်စုအတွင်း ဆွေးနွေးလိုကြမည် ဖြစ်သည်။ အတူတကွ လုပ်ကိုင်လျှင် သုတေသနကို ၎င်းတို့ကြောက်ရွံ့မှု နည်းသွားမည်ဖြစ်သည်။

**အုပ်စုဖွဲ့ခြင်း**



# လုပ်ငန်း ၁။
# အပြန်အလှန် ဆက်စပ်နေသော ကမ္ဘာ

သင်ကြားချိန် ၁ ချိန်။



ပထမအဆင့်အနေဖြင့် ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်ကိစ္စများသည် ၎င်းတို့နှင့် အဘယ်ကြောင့် ဆိုင်နေရသည်ကို လူငယ်များသေချာစွာ နားလည်သဘောပေါက်ရန်လိုပါသည်။ ယင်းဆက်စပ်မှုကို ရိုးရိုးရှင်းရှင်း နစ်နည်းဖြင့်ပြောပြနိုင်သည်။ ဤလေ့ကျင့်ခန်းများအတွက် အုပ်စုကိုစာသင်ကျောင်းပုံစံဖြင့် ပြုလုပ်စေရမည်။

## အမြဲတိုးပွားလာသော ကွင်းဆက်များ

တစ်ယောက်ချင်းကို စာရွက်အလွတ်အလယ်တွင် ၎င်းတို့အမည်ကိုရေးရန်ပြောပါ။ ခပသေးသေးနှင့် သေသပ်စွာရေး ရမည်။ နေရာလွတ်အများအပြားလို၍ ဖြစ်သည်။ ၎င်းတို့အမည်ပတ်လည်တွင် ၎င်းတို့သိသောလူကြီး ၁၀ဦး၏ အမည်များ ရေးစေရမည်။ မိဘများ၊ ဆွေမျိုးများ၊ မိသားစုမိတ်ဆွေများ၊ အိမ်နီးချင်းများ၊ ကျောင်းဆရာဆရာမများ၊ ဈေးရောင်းသူ များ၊ အားကစားအဖွဲ့ဝင်များ စသည်ဖြင့်။

၎င်းတို့အမည်များကို ယခုအခါလူကြီး ၁၀ ဦး၏အမည်များဖြင့် ဝန်းရံနေမည်ဖြစ်သည်။ ထို့နောက် နောက်ထပ်စက်ဝိုင်း တစ်ခုဆွဲရန် ပြောပါ။ ယခုအခါ ထိုပုဂ္ဂိုလ်တစ်ဦးချင်းစီသိသောသူများ၏ အမည်များကိုရေးခိုင်းပါ။ ၎င်းတို့အနေဖြင့် အမည်အတိအကျသိမည်မဟုတ်ပါ။ တခါတရံ အမည်များကိုခန့်မှန်းရပြီး တခါတရံ၎င်းတို့သည် 'အလုပ်ရှင်' သို့မဟုတ် 'အလုပ်ခွင်မှ မိတ်ဆွေ' သို့မဟုတ် အလားတူမျိုးရေးချကြမည်။ ထို့နောက် ပထမရေးချထားသောအမည်တစ်ဦးချင်းစီ သိသည့် နောက်ထပ် ၁၀ ဦးအမည်ရေးချခိုင်းပါ။ စုစုပေါင်း ၁၁၁ ဦး၏အမည်များ စာရွက်ပေါ်တွင်ရှိနေပါမည်။

နောက်တဆင့်တွင်နာမည်အချင်းချင်း မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဆက်စပ်ပတ်သက်နေသူများကို မျဉ်းကြောင်းဖြင့် ဆက်ပါစေ။ အလုပ်ခွင်မှမိတ်ဆွေအချင်းချင်း သိကြမည်။ အချို့သည် အားကစားအဖွဲ့ဝင်ဖြစ်မည်။ သို့မဟုတ် ဘာသာရေးအဖွဲ့ဝင်ဖြစ်မည်။ ကျောင်းဆရာဆရာမများသည် မိဘများကိုသိကြမည်အစရှိသည်တို့ ဖြစ်သည်။ ၎င်းတို့၏စာရွက်သည် ပင့်ကူအိမ်ကဲ့သို့ ဖြစ်နေမည် ဖြစ်သည်။

ထို့နောက်နောက်ထပ်အမည်များ သိရှိသေးလျှင် ရေးရန်ပြောပါ။ ထိုအမည်များကိုမျဉ်းကြောင်းဖြင့် ထပ်ဆက်ပါ။ စာရွက်ပေါ်တွင်ပါသောပုဂ္ဂို

လ်များသည် စာရွက်အလယ်တွင်ရှိသူဖြင့်တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်၍
ဆက်စပ်မှုရှိနေ ပေလိမ့်မည်။

အမည်များကို စဉ်းစားရေးချပြီး အပြန်အလှန် ဆက်စပ်နေပုံကို ထောက်ပြပါ။
ပျှမ်းမျှ လူကြီး ၁၀၀ကို သိကြပြီးထိုလူကြီး တစ်ယောက်သည် လူ
၅၀၀ကိုသိကြလျှင်တစ်ဦးလျှင်လူမည်မျှဖြင့် ဆက်စပ်မှု ရှိနေသည်ကို
တွက်ချက်ကြည့်ရန်ပြောပါ။ ယင်းအပြန်အလှန်ဆက်စပ်မှုသည်
သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာများ
ဆက်လက်ဖွံ့ဖြိုးမှုနှင့်အတူ ပိုများလာနိုင်ပါသည်။ ဤအပြန်အလှန်ဆ
က်စပ်မှုရှိခြင်းကြောင့် ကမ္ဘာကြီးတွင်ဘာဖြစ်နေသည်ဆိုသည်ကို သိရန်
တာဝန်ရှိသည်ဆိုသည်ကို ရှင်းပြပါ။

## သွယ်ဝိုက်ဆက်စပ်ခြင်း

နောက်ထပ်ဆက်စပ်မှုတစ်ခုကို ကျွန်ုပ်တို့ပြုလုပ်နိုင်သည်။
သုံးစွဲခြင်းမှတဆင့်ဖြစ်သည်။ မမြင်ရသောပုဂ္ဂိုလ်များဖြင့် ဆက်စပ်ခြင်းကို
ဆိုလိုသည်။ ဤလေ့ကျင့်ခန်းကို ပထမလေ့ကျင့်ခန်းပြီးပြီးချင်း ပြုလုပ်ရမည်။
ယခုတကြိမ်တွင် ဘာမျှ ရေးချစရာမလိုပါ။ သင်နှင့်သင့်အုပ်စုကြားပြောစကားဖြင့်
ပင် ပြုလုပ်ရမည်။

အုပ်စုအားအောက်ပါမေးခွန်းပုံစံမျိုးကိုမေးပါ။ သင့်အုပ်စုဖြင့်လိုက်ဖက်မည့်အခြ
ားမေးခွန်းများကိုလည်း စဉ်းစားနိုင်သည်။

- အာရှ သို့မဟုတ် အမေရိကအလယ်ပိုင်း သို့မဟုတ်
  လက်တင်အမေရိကမှထုတ်လုပ်သော အဝတ် သို့မဟုတ် ဖိနပ်များကို
  မကြာသေးမီကသင်ဝယ်ခဲ့ပါသလား။ ထုတ်လုပ်သည့်တံဆိပ်အမှတ်အ
  သားများကို ၎င်းတို့ စစ်ဆေးနိုင်ပါသည်။
- နိုင်ငံခြားမှပြုလုပ်သောပစ္စည်းများသုံးပြီး
  ကစားရသောမည်သည့်အားကစားမဆို ကစားကြပါသလား။ ဘောလုံး၊
  လက်ပစ်ဘောလုံး၊ ဘောလီဘော၊ တင်းနစ်၊ ခရစ်ကက်အစရှိသည်။
  ယင်းပစ္စည်းများမည်သည့် နေရာတွင်လုပ်သည်ကိုစစ်ဆေးခဲ့ပါသလား။
  အားကစားဘောလုံးများကို အများအပြားထုတ်လုပ်သည်မှာ အိန္ဒိယနှင့်
  ပါကစ္စတန်တို့ဖြစ်သည်။
- အာရှနှင့် တရုတ်နိုင်ငံမှ ပြုလုပ်သောအပေါ်စားလျှပ်စစ်ပစ္စည်းများ
  ဝယ်ခဲ့ပါသလား။
- အရှေ့တောင်အာရှတွင် ဖမ်းခဲ့သော ပင်လယ်စာများ စားခဲ့ပါသလား။
- လူမျိုးပေါင်းစုံပါဝင်သော ကုမ္ပဏီများမှ ထုတ်လုပ်သော လက်ဖက်ရည်နှင့်
  ကော်ဖီ သို့မဟုတ် ချောကလက်ကို စားခဲ့ သောက်ခဲ့ပါသလား။

- သူငယ်ချင်းများ သို့မဟုတ် မိသားစုအတွက် ဖြတ်ထားသော ပန်းပွင့်များ ဝယ်ခဲ့ပါသလား။
- အခြားနိုင်ငံများသို့ သွားပြီး ဟော်တယ်များ သို့မဟုတ် တည်းခိုခန်းများတွင် နေခဲ့ဘူးပါသလား။



၎င်းတို့ ဖြေဆိုချက်များကို ကျောက်သင်ပုန်း သို့မဟုတ် စာရွက်ကြီးပေါ် ရေးချပါ။ အခြားဥပမာများစဉ်းစားရန်ပြောပြီး ထပ်ရေးချပါ။ ဥပမာ- ၎င်းတို့၏ အားကစားနှင့် အားလပ်ရက်များအကြောင်း ပြောပြပါ။ အုပ်စုအနေဖြင့်၎င်းသည်ရယ်စရာ ဖြစ်သည်ဟု ထင်ကြမည်။ ထိုသို့ဖြစ်လျှင် သင့်လျော်သည့် အချိန်လောက်တွင် ၎င်းတို့သည်ကလေးအလုပ်သမားဖြင့် သွယ်ဝိုက်ဆက်သွယ်ခဲ့ကြောင်း ပြောပါ။ သိပ်ရှည်ရှည်မပြောပါနှင့်။ ၎င်းတို့သာမက ပထမလေ့ကျင့်ခန်းတွင် ၎င်းတို့ ဆက်စပ်ခဲ့သောပုဂ္ဂိုလ်များလည်း ကလေးအလုပ်သမားတစ်ဦးကိုတနည်းနည်းဖြင့် ဆက်စပ်မှုရှိခဲ့ကြောင်းပြောပါ။ အဘယ်ကြောင့် ဤသို့ ဖြစ်ရပါသလဲ။

- ပြင်ပပို့ကုန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရန် ကလေးအလုပ်သမားကို သုံးသည်။ အထူးသဖြင့် အဝတ်အထည်နှင့် အားကစားပစ္စည်းများ ဖြစ်သည်။
- အာဖရိကနှင့် အလယ်ပိုင်းအမေရိကတွင် ဖြတ်ထားသော ပန်းပွင့် ထုတ်လုပ်ရေးတွင် ကလေး အလုပ်သမားကို သုံးသည်။
- အာဖရိက၊ ဗဟိုအမေရိကနှင့် လက်တင်အမေရိကတွင် ကလေးအလုပ်သမားများကို လယ်ယာ စိုက်ပျိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် တွေ့ရသည်။ ဖေါ်ပြပါနိုင်ငံများတွင် ချောကလက် လုပ်ရန် ကိုကိုးပင်ကို စိုက်သည်။ လက်ဖက်နှင့် ကော်ဖီပင်များ စိုက်သည်။
- ကမ္ဘာအနှံ့အစားအစာ ထုတ်လုပ်ရေးတွင် ကလေးအလုပ်သမားကို သုံးသည်။ အထူးသဖြင့်မမြင်သာ သော အလုပ်များ ဖြစ်သည်။ သန့်ရှင်းရေးနှင့် အဝတ်လျှော်ခြင်း တို့ဖြစ်သည်။
- ကမ္ဘာအနှံ့ ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းများတွင် ကလေးအလုပ်သမားများကို တွေ့နိုင်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် သာမကပါ။ ထုတ်လုပ်မှုများတွင် လျှပ်စစ်ပစ္စည်းများ၊ ခဲ့စိပ်ကိရိယာများ၊ ဖက်ရှင်ပစ္စည်းများ၊ ဖန်လ်ထည်နှင့် ကြွေထည်ထုတ်လုပ်ခြင်း အစရှိသည်တို့ဖြစ်သည်။

သင့်အုပ်စုထဲမှ လူရွယ်အားလုံးနီးပါးသည် ကလေးအလုပ်သမားတစ်ဦးဦးဖြင့် သွယ်ဝိုက်၍တချိန်ချိန်တွင် ဆက်စပ်မှု ရှိနိုင်ပါသည်။
ယင်းအချက်ကိုအလေးပေးပြောပါ။ အုပ်စုအားခေတ္တမျှ

ထိုအချက်အပေါ် ဆွေးနွေးရန်ပြောပါ။ ၎င်းတို့ အတွက်ယင်းသည်ဤစီမံချက်ဖြင့်မည်သို့ဆက်စပ်ပတ်သက်မှုရှိနိုင်သနည်း။ ဤလေ့ကျင့်ခန်းနစ်ခုလုပ်စေခြင်းဖြင့် အုပ်စုအတွင်း ကလေးအလုပ်သမားအတွက် တာဝန်ရှိသည်ဆိုသည့်စိတ်ပေါ်လာစေရမည် ဖြစ်သည်။

## ကိန်းဂဏန်းများ အမှန်ဖြစ်လာစေခြင်း

ကမ္ဘာ့အနှံ့ကလေးအလုပ်သမားဖြစ်နေသောကိန်းဂဏန်းကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ရန်ပြုလုပ်သည့် စိတ်ကူးပုံဖေါ်ရ သည့်ရိုးရိုးလေ့ကျင့်ခန်းပင်ဖြစ်သည်။ အေးဆေးငြိမ်သက်သော ပတ်ဝန်းကျင်တွင်ပြုလုပ်ရမည်။ အုပ်စုအားအခန်းတွင်း သက်တောင့်သက်သာထိုင်ရန်ပြောပါ။ ကြိုက်နှစ်သက်ရာနေရာတွင်ထိုင်နိုင်ပါသည်။ ယင်းမှာ အရေးမကြီးပါ။ အရေးကြီး သည့်အချက်မှာ၎င်းတို့၏စိတ်ကူးပုံဖေါ်မှုကို လွတ်လွတ်လပ်လပ်ပြုလုပ်စေနိုင်မည့် ပတ်ဝန်းကျင်ဖြစ်သည်။ အချို့လူရွယ်များအတွက်ဤလေ့ကျင့်ခန်းသည် အနည်းငယ်ခက်ခဲမည်ဖြစ်သည်။ အထူးသဖြင့်ပျိုးဖျန်းရွယ်အသက်မျိုးတွင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်များအားအခြားသူများကို အနှောက်အယှက်မဖြစ်စေရန်ပြုလုပ်ပါ။ သင်စီစဉ်နေသည်များကို ပျက်ပြားသွားစေခြင်း သို့မဟုတ် လေ့ကျင့်ခန်းတွင် ပါဝင်လိုခြင်း မရှိသည်ကို တွေ့ရလျှင် ၎င်းတို့အား တိတ်ဆိတ်စွာဖြင့် စာဖတ်နေရန် သို့မဟုတ်တစ်ခုခုပြုလုပ်နေရန် ပြောပါ။ လေ့ကျင့်ခန်းသည် အလွန်တိုတောင်းပါသည်။

ဤလေ့ကျင့်ခန်းတွင် အုပ်စုဝင်အား မျက်လုံးမှိတ်ထားစေလျှင်ပိုကောင်းပါသည်။ ၎င်းတို့အား ၎င်းတို့ခရီးလမ်းတစ်ခုသွား နေသည့်ပုံစံဖြင့် တောက်လျှောက် စကားပြောနေရမည် ဖြစ်သည်။ ၎င်းတို့သည် ဖြောင့်တန်းနေသောလမ်းကျဉ်းထဲတွင် လမ်းလျှောက်နေကြသည်ဟု တွေးတောစဉ်းစားရန် ပြောပါ။ ၎င်းတို့လမ်းလျှောက်နေစဉ် ညာဘက်အခြမ်း၌ ကလေးများ တန်းစီလျက်တတန်းတွေ့ရသည်။ ညစ်ပတ်နေ၊ ဖရိုဖရဲ၊ ခါးညွတ်နေ၊ ဖိနပ်မပါ၊ သေးငယ်၊ အစာငတ်ပြီး ဝမ်းနည်းကြေကွဲ စွာဖြင့် ကြည့်နေကြသည်။ ထိုကလေးများကို ခြေလှမ်းနှစ်လှမ်းလှမ်းလိုက်တိုင်းတွေ့ရသည်။

ထိုကလေးများ၏ မျက်နှာကို လမ်းလျှောက်သွားစဉ် ကြည့်ရန်အုပ်စုကို ပြောပါ။ ၎င်းတို့မျက်လုံးဖြင့်မဆုံရန် လွဲမပစ်ရပါ။ ၎င်းတို့ဝမ်းနည်းစွာကြည့်နေသည်ကိုခံယူပြီး မျှော်လင့်ချက်နှင့်အားပြည့်စေသည့်အကြည့်မျိုးဖြင့် ပြန်ကြည့်ပါ။

အုပ်စုအား ၎င်းတို့ခရီးကို နံနက် ၈ နာရီတွင် စတင်ထွက်ခွာခဲ့သည်ဟု ပြောပါ။ မနက်စာကို ကောင်းစွာ စားခဲ့ပြီး အပြည့်ဖြည့်ခဲ့သည်(ယင်းသည် ဆာလောင်နေသော ကလေးအလုပ်သမားများ မျက်နှာကို မြင် ရသည့်အခါ ဝမ်းနည်းသွားစေမည်။ အပြစ်ရှိသည်ဟု စတင်ခံစားလာကြမည် ဖြစ်သည်။) တစ်မနက်လုံး လမ်းလျှောက်နေကြသည်။ ခြေလှမ်း နှစ်လှမ်း လှမ်းတိုင်း တစ်ယောက်ကို တွေ့ရသည်။ ဖြောင့်တန်း နေသောလမ်းကျဉ်းလေးထဲ ဆက်၍ လမ်းလျှောက်သည်။ လမ်းလျှောက်သွားရင်း ကလေးများကို လှမ်းကိုင်ထိတွေ့ကြည့်ရန် ပြောပါ။





၎င်းတို့သည် တနေကုန် ဆက်လျှောက် ကြပါသည်။ မနက်ခင်း တဝက်ရောက်သည့်အခါ နောက်ဖက်သို့ လှည့်ပြီး မည်မျှ ဝေးဝေး လျှောက်ခဲ့သည်ကို မျှော်ကြည့်သည်။ ကလေးများ တန်းစီရပ်နေသည့်အတန်းရှည် ကြီးကို နောက်ဖက်တွင် တွေ့ရသည်။ ၎င်းတို့အားလုံးသည် အုပ်စုကြီး ဖြတ်လျှောက်သွားသည်ကို လိုက်ကြည့်ကြမည်။ သန်းပေါင်းများစွာသော ဝမ်းနည်းပြီး အကူအညီတောင်းနေသည့် သန်းပေါင်းများစွာ သော မျက်လုံးများက ၎င်းတို့ကို ငေးမောကြည့်နေကြသည်။ အကူအညီကို တိတ်ဆိတ်စွာ တောင်းဆိုနေ ကြသည်။ ရှေ့ဖက်ပြန်လှည့်ပြီး ကြည့်လိုက်ရာ ရှေ့လမ်းတလျှောက်လည်း ကလေးများ တန်းစီလျက် ရှိနေ သည်ကို တွေ့ရသည်။ မျက်စေ့တစ်ဆုံးမက ကလေးများ တန်းရပ်နေသည်ကို တွေ့ရသည်။ ၎င်းတို့သည် လမ်းကို ဆက်လျှောက်ကြသည်။

နေ့လည်စာ၊ ညစာစားသည့်အချိန်များထိ ဆက်လျှောက်ကြသည်။ ရှေ့တွင် ကလေးများ တန်းရပ်လျက် ရှိနေကြသည်။ နောက်တွင် ကျန်ခဲ့သော လူတန်းထက် ပိုရှည်လျားသည်။ ၎င်းတို့ ည ၁၀ နာရီထိ ဆက်လျှောက်ကြသည်။ ဖြည်းဖြည်းချင်း မနားတမ်း လမ်းလျှောက်ခဲ့သည်မှာ ၁၄ နာရီ ရှိပြီကို ရပ်လျက် ပြန်စဉ်းစားကြည့်သည်။ ၎င်းတို့မောပန်းနေပြီဖြစ်ပြီး ကလေးပေါင်း ၈၀၀၀၀ကို ဖြတ်ကျော် လျှောက်လှမ်းခဲ့ ကြသည်။ ကမ္ဘာနှင့်အဝှမ်း လက်နက်ကိုင် ပဋိပက္ခတွင် အတင်းအကြပ်ပါဝင်ရ သော ကလေးပေါင်း အားလုံး ကို ဖြတ်ကျော် လျှောက်သွားရန်၊ ယခုကဲ့သို့ လမ်းလျှောက်ခြင်းကို လေးရက်နီးပါး လျှောက်ရန် လိုသည်ဟု အုပ်စုအား ပြောပါ။

အုပ်စုအနေဖြင့် ညဘက်တွင် နားပြီး စားသောက်ကာ အိပ်ရန် လိုသည်။ ထို့ကြောင့် လမ်းဘယ်ဘက်တွင် ရွက်ဖျင်တဲထိုးပြီး ရပ်နားသည်။ ထိုအခါ လမ်း၏ တဖက်တွင် ရှိသော ကလေးတန်းအရှည်ကြီးကို လဲလျောင်းရင်း ကြည့်နေနိုင်သည်။ အုပ်စုဝင်များ အိပ်ပျော်သွားသည်ကို ကလေးများက ငြိမ်သက်စွာ ကြည့်နေကြသည်။ အုပ်စုအား ထိုနေရာတွင် လဲလျောင်းနေပြီး ယုံလောက်စရာ မရှိသည့် ကလေးအလုပ် သမား အတန်းရှည်ကြီးကို ကြည့်နေသည်ဟု စဉ်းစားခိုင်းပါ။ တနေ့တာခရီးရှည်ကြီးတွင် ကလေးအလုပ် သမားပေါင်း ၈၀၀၀၀ကို ဖြတ်လျှောက်ခဲ့ကြသည်ကို ပြန်သတိရရန် ပြောပါ။ ကမ္ဘာတွင် အသက် ၅ နှစ်မှ ၁၄ နှစ်ကြား ကလေးအလုပ်သမားပေါင်း ၁၈၆ သန်းရှိပါသည်။ ထိုကလေးအားလုံးကို ဖြတ်လျှောက်သွားရန် ရက်ပေါင်းမည်မျှ ကြာမည်ဟု ထင်ကြောင်း စဉ်းစားကြရန် ပြောပါ။ အောက်ပါနေရာများတွင် လုပ်နေကြ သည့် ကလေးများကို ၎င်းတို့ဖြတ်လျှောက်ရန် မည်မျှ ကြာပါမည်လဲ။

- အာရှနှင့်ပစိဖိတ် ဒေသ (ခန့်မှန်း ၁၂၇ သန်း)
- လက်တင်အမေရိကနှင့် ကာရေဘီယန်း (ခန့်မှန်း ၁၇.၅ သန်း)
- ဆဟာရ ဒေသခွဲ (ခန့်မှန်း ၄၈ သန်း)

- ဖွံ့ဖြိုးပြီး နိုင်ငံများ (၂.၅သန်း)

သင့်တွင် အခြားသောကိန်းဂဏန်းများ ရှိလျှင် ထည့်သွင်း အသုံးပြုပါ။

အုပ်စုအား မျက်စိမှိတ်ထားစေပြီး ပါဝင်သော ကလေးအရေအတွက်များနှင့် ၎င်းတို့စိတ်အတွေးဖြင့် လျှောက်ခဲ့သော လမ်းဘေးတလျှောက်တွင် ကလေးအလုပ်သမားတန်းကြီးကို စိတ်မှန်းဖြင့် မှန်းကြည့်ခိုင်း ပါ။ ထို့နောက် လက်ရှိ ထိုင်စဉ်းစားနေခြင်းဆိုသည်ကို သတိရစေပြီး မျက်လုံးကို ဖြည်းညှင်းစွာ ဖွင့်ခိုင်း ပါ။

အတွေ့အကြုံကို အကျဉ်းချုံး ပြန်ပြောပါစေ။ မည်သည်တို့ကို တွေ့ရပြီး မည်သို့ခံစားခဲ့ရပါသလဲ။ နောက်ပိုင်း မှ ၎င်းတို့ တုန့်ပြန်ချက်ကို ပြန်ပြောပါစေ။

## အသုံးပြုမည့်သူအတွက် မှတ်စု

လူရွယ်များနေ့စဉ်ပုံမှန်အခြေအနေတွင် ၎င်းတို့၏စိတ်ကူးပုံဖေါ်မှုကိုမသုံးရန် သတိပြုရမည်။ စာသင်ကျောင်တွင် သို့မဟုတ် ကျောင်ဒပြင်ပပညာရေးတွင်မသုံးရပါ။ ကလေးများသည် အလွန်ငယ်သေးလျှင် ၎င်းတို့၏စိတ်ကူပုံဖေါ်မှုကိုသုံးတတ်ကြပါသည်။ အထူးသဖြင့် မူလတန်း အရွယ်ကလေးများဖြစ်သည်။ အချို့နိုင်ငံများရှိ မူလတန်းပညာရေးအဆင့်တွင် စိတ်ကူးပုံဖေါ် မှုကို မကြာခဏ မပြုလုပ်လိုကြပါ။ ယင်းသည် စိတ်အခြေအနေတစ်ရပ်ဖြစ်ပြီး ထိရောက်မှုရှိရန် လေ့ကျင့်မှုလိုအပ်သည်။ အဖိုးတန်သောလေ့ကျင့်ခန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အုပ်စု အတွင်း ထိရောက်မှုရှိစေရန် အချိန်လိုအပ်သည်ကို အံ့အားမသင့်ပါနှင့်။ သင့်အနေဖြင့် အုပ်စု၏အဖွဲ့ဝင်များထံသွားလိုခြင်းနှင့်သင့်စွမ်းဆောင်ရည်တို့ပေါ်မူတည်သည်။ ခရီးလမ်းရှည် ကြီးနှင့် ကလေးအလုပ်သမားတန်းကြီးကို မြင်တွေ့လာရန်၎င်းတို့စိတ်ကူးပုံဖေါ်လာပြီး မျောပါ လ ရန် သင်၏အသံနှင့် ဟတ်ပန်တို့ကိုသုံးပါ။

သင်ကိုယ်တိုင်ကြံ့ခိုင်ပြီး စွဲဆောင်နိုင်မှု ရှိရမည်။ ဤလုပ်ငန်းစုများ၏အောင်မြင်မှုသည် လူရွယ် များ၏စိတ်ကူးပုံဖေါ်မှုနှင့် ဆန်းသစ်နိုင်စွမ်းတို့ပေါ် အလွန်မူတည်မည်ဖြစ်သည်။ ဤလုပ်ငန်းစု များသည် အနုပညာပုံစံမျိုးစုံ အသုံးပြုပါသည်။ ရုပ်ပြ၊ စာပေနှင့် သရုပ်ဆောင်တင်ပြခြင်း တို့ဖြစ်သည်။ ရေရှည် သက်ရောက်မှုရှိစေရန်ဖြစ်သည်။ ထို့ကြောင့် ရှေ့ပိုင်းအဆင့်များတွင် စိတ်ကူးပုံဖေါ်မှုကိုပြုလုပ်ပေးရန်အရေးကြီးပြီး မကြာခဏပြုလုပ်ပေးရမည်။



# လုပ်ငန်း ၂။
# ကလေးအလုပ်သမားနှင့်လူ့အခွင့်အရေး

သင်ကြားချိန် ၂ ချိန်ဆက်။

ယခုအခါ ကလေးအလုပ်သမားဦးရေကို သိရှိလာပြီဖြစ်သည်။ ကလေးအလုပ်သမားများ ဖြင့် ဆက်စပ် ပတ်သက်လာနိုင်ပြီး သူတို့မျှော်လင့်ချက်မဲ့နေသည်များကို သိရှိလာနိုင်သည်။ ဤသည်မှာ ကလေးအလုပ်သမားဘဝကို ၎င်းတို့ဖြင့် စတင်ဆွေးနွေးရန် အခွင့်အရေးကောင်းတစ်ခုပင်ဖြစ်သည်။ ကိုမိုကြယပြန့်သော လူ့အခွင့်အရေး နယပါယ်အတွင်းမှ ဆွေးနွေး အဖြေရှာရမည့်အရေးအဖြစ် ကြည့်ရှုရန် အခွင့်အရေးလည်းဖြစ်သည်။ ကလေးအလုပ်သမားသည် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးအဖြေရှာရမည့် ကိစ္စတစ်ရပ်ဖြစ်သည်။ လူ့အခွင့်အရေး အထူးသဖြင့် ကလေးများ၏ အခွင့်အရေးများကို လွန်ကြူးစွာ ချိုးဖေါက်မှု တစ်ခုဖြစ်သည်။ ဤဆွေးနွေးမှုမစတင်မီ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးဆိုသည်ကို မည်သို့ နားလည်သဘောပေါက်သည်ကို ဆန်းစစ်ရန် အရေးကြီးသည်။ အခွင့်အရေးများကို မည်သို့ချိုးဖေါက်သည် ထိုချိုးဖေါက်မှုကို လူမှုအဖွဲ့အစည်းက မည်သို့တုန့်ပြန်သည်တို့ကိုလည်း ဆန်းစစ် ရမည်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် အဓိကအားဖြင့် ကလေးအလုပ်သမားတို့တွင် သုံးစွဲသော အပြည်ပြည်ဆိုင်ရာ ပြဌာန်းချက်များကို မိတ်ဆက်ပေးရန် အချိန်ကောင်းဖြစ်သည်။



ယင်းကို နှစ်နည်းဖြင့် ပြုလုပ်နိုင်သည်။ ဤလုပ်ငန်းမစတင်မီ အုပ်စုအား သက်ဆိုင်သည့် ပြဌာန်းချက်ကိုရှာဖွေပြီး မိတ္တူပွားထားရန် တာဝန်ပေးနိုင်သည်။ သို့မဟုတ် ပြဌာန်းချက်များကိုမိတ္တူကူးပြီး ဖြန့်ဝေပေးနိုင်သည်။ (ပြဌာန်းချက်များကို ဤပညာပေးစာအုပ်အတွဲတွင် ဖေါ်ပြထားသည်)။

## ကုလသမဂ္ဂ လူ့အခွင့်အရေးကြေငြာစာတန်း

အုပ်စုဂင်တစ်ယောက်အားအရှေ့ထွက်ပြီးမှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ရန် ဖိတ်ခေါ်ပါ။ ဆွေးနွေးချက်များထဲမှ  အရေးကြီးသောအချက်များနှင့် အမြင်များကို ကျောက်သင်ပုန်းပေါ်တွင် ထိုပုဂ္ဂိုလ်က ရေးချရပါ မည်။ ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးအဖြေရှာရမည့် ကိစ္စများဆက်စပ်မှုကို ရှင်းပြရန် ဖြစ်သည်။ လူ့အခွင်အရေးဆိုသည်ကို မည်သို့နားလည်ကြောင်းအုပ်စုကို မေးပါ။ ယင်းအခွင့်အရေးများကို မည်သို့ချိုးဖေါက်ကြသနည်းနှင့် ယင်းချိုးဖောက်မှု ဥပမာများကို သိပါသလားဟုမေးပါ။ ဥပမာ သတင်းစာတွင်ဖတ်ရခြင်း၊ ရုပ်မြင်သံကြားတွင် ကြည့်ရခြင်း။

လူ့အခွင့်အရေးများနှင့် ၄င်းတို့ကို ချိုးဖေါက်ခြင်းကို ရှင်းပြစဉ် လိုရင်းအကျဉ်းချုံး ပြန်ပြောပါ။ သို့မှသာ ရေးမှတ်နေသူအနေဖြင့် ရှင်းရှင်းလင်းလင်း ရေးမှတ်၍ ရမည် ဖြစ်သည်။ စကားနိုင်လုကြရန်နှင့် ဆွေးနွေးကြရန်တိုက်တွန်းပါ။ သို့မှသာ လှုပ်ရှားတက်ကြွမှု ရှိမည် ဖြစ်သည်။ အရှုံးမပေးပါကြစေနှင့်။ အကယ်၍ အုပ်စုအနေဖြင့် အဓိကအချက်များ မပြောနိုင်လျှင် သင်က လမ်းကြောင်းပေးပြီး ၄င်းတို့အား ဆွေးနွေးစေရမည်။ အထွေထွေလူ့အခွင့်အရေး ကိစ္စရပ်များပေါ် ဆွေးနွေးစေရမည်။

အပြန်အလှန် ပြောဆိုမှု အရှိန်လျော့လာလျှင် ခေါင်းစဉ်ပြောင်း၍ဆွေးနွေးပါ။ အခွင့်အရေးများကို မည်သို့ အကာအကွယ်ပေးထားသနည်းနှင့် ကမ္ဘာအနံ့ လူပုဂ္ဂိုလ်များသိရန် မည်သို့ ပြုလုပ်ထားသနည်း ဆိုသည့် ခေါင်းစဉ် ဖြစ်သည်။ တစ်ဦးဦးက ကုလသမဂ္ဂလူ့အခွင့်အရေး ကြေငြာစာတမ်းဆိုသည်ကို ပြောကြားစေလို၍ သင့်အနေဖြင့်မေးရမည် ဖြစ်သည်။ (မိတ္တူကို စာအုပ်အတွဲတွင် ဖေါ်ပြထားသည်)။ ကြေငြာစာတမ်းပေါ် ခေတ္တဆွေးနွေးပြီး ယင်းကိစ္စအကြောင်း စကားနိုင်လုကြပါစေ။ သူတို့မပြောနိုင်လျှင် သင်က ရှင်းပြပါ။ ကုလသမဂ္ဂ အကြောင်း ၄င်းတို့မည်မျှ နားလည်ကြကြောင်း မေးပါ။ ရေးထားသည့်အတိုင်း အခန်းကဏ္ဍနှင့် လုပ်ငန်းများကို ပြောစေရမည်။ ကုလသမဂ္ဂအဖွဲ့ဆိုသည်မှာ မည်သည်ကို ဆိုလိုသည်ကို မည်သူနားလည် သနည်းဟု မေးပါ။ အသိအများဆုံး အဖွဲ့အစည်းများကို ပြောပြပါ။ အထူးသဖြင့် အိုင်အယ်လ်အို ဖြစ်သည်။ စကားနိုင် လုသည့်အခါ အိုင်အယ်လ်အို အကြောင်းနှင့် ကလေးအလုပ်သမား ပပျောက်ရေးတွင် ယင်း၏ အခန်းကဏ္ဍကို သိရှိ နားလည်လာမည် ဖြစ်သည်။

### အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ဆိုသည်မှာ အဘယ်နည်း။

အပြည်ပြည်ဆိုင်ရာ ပြဌာန်းချက်ဆိုသည်မှာ နိုင်ငံများအချင်းချင်း သဘောတူညီချက်များ ဖြစ်သည်။ အများ သဘောတူသည့် စံသတ်မှတ်ချက်ပေါ် အခြေခံသည့် အပြုအမူဆိုင်ရာ နည်းဥပဒေများ ဖြစ်သည်။

ယင်းတို့ကို ကုလသမဂ္ဂမူဘောင်အတွင်းမှ ဖေါ်ထုတ်လေ့ရှိသည်။ ယင်း၏အထူးပြုအဖွဲ့များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ဖေါ်ထုတ်သည်။ ယင်းတို့ကို လက်ခံ အတည်ပြု လက်မှတ်ရေးထိုးသော နိုင်ငံများသည် ၄င်းတို့၏ တရားဥပဒေထဲတွင် ထည့်သွင်း ပြဌာန်းရပြီး ယင်းဥပဒေများကို အသုံးပြု လေးစားလိုက်နာရသည်။ နိုင်ငံတနိုင်ငံသည် အလွန်ဆင်းရဲ သို့မဟုတ် အလွန်ကြီးမားလျှင် ယင်းဥပဒေအားလုံးကို အမှန်တကယ် လေးစား လိုက်နာမှုရှိစေရေးလုပ်ဆောင်ရန် မည်မျှခက်ခဲမည်ကို စဉ်းစားကြည့်နိုင်ပါသည်။ ထိုအတွက် ဆောင်ရွက်အကောင်အထည် ဖေါ်ရန်နှင့် လေးစားလိုက်နာမှုရှိရန် လူများက ထိန်းကြောင်း တည့်မတ်ရန်လိုပါသည်။ ဥပမာ - အလုပ်သမား စစ်ဆေးရေးဦးစီးမှူးများ။ ထိုအတွက် ငွေကုန်ကျမှုရှိပြီး ဆင်းရဲသော နိုင်ငံအတွက် ခက်ခဲမှု ပါ သည်။ နိုင်ငံကြီးတစ်ခုအတွက် အလုပ်နေရာအမျိုးမျိုးတွင် ရှိစေရန် ခက်ခဲပါသည်။ ထို့ကြောင့် အချို့အစိုးရ များသည် အကူအညီနှင့် အထောက်အပံ့များ လိုပါသည်။ကလေး အလုပ်သမားအရေးနှင့်ပတ်သက်လျှင် ၄င်းတို့သည် အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် ထံမှ ရပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေး ကြေငြာစာတမ်းကို လက်ဝယ်ရှိနေလျှင် ဖြစ်နိုင်က အုပ်စုကို မိတ္တူများ ဖြန့်ဝေ ပေးသင့်သည်။ သို့မဟုတ် ကြေငြာစာတမ်းကို နံရံပေါ် ချိတ်ဆွဲထားနိုင်သည်။ ၎င်းတို့ အားသည့်အခါ ဖတ်ရှု လေ့လာနိုင်ရန် ဖြစ်သည်။ အဓိကအချက်များကို ဆွေးနွေးပါ။ ယင်းတို့ကို ၎င်းတို့နိုင်ငံ သို့မဟုတ် ကမ္ဘာအနှံ့ တွင်တနည်းနည်းဖြင့်မည်သို့ချိုးဖေါက်နေသည်ကိုသိပါသလားဟုမေးပါ။ယင်းချိုးဖေါက်မှုများကို ဆွေးနွေးပါ။ ထို့နောက် နှစ်ငါးဆယ်ကျော်တိုင် အပြည်ပြည်ဆိုင်ရာ ကြေငြာစာတမ်းတွင် ထည့်သွင်းဖေါ်ပြထားရသည့် အခွင့်အရေးများကိုအဘယ်ကြောင့် ချိုးဖေါက်နေရသနည်းဆိုသည်ကို စဉ်းစားခိုင်းပါ။ ကမ္ဘာ့တစ်နေရာရာ တွင်အခွင့် အရေးများကို ချိုးဖေါက်နေလျှင် အခြားနိုင်ငံများအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည်ဟု ယူဆပြီး တည့်မတ်ရန် လုပ်ဆောင်သင့်ပါသလား။ အဘယ်ကြောင့်နည်း။ ကလေးအလုပ်သမားအရေးကိုလည်း ထိုနည်းတူ စဉ်းစားမိပါသလား။ ကလေးအလုပ်သမားများအတွက် ၎င်းတို့တွင် တာဝန်ယူရန်နှင့် ပတ်သက်မှု ရှိစေရန် သင်လုပ်ဆောင်နေသည်ကို အမှတ်ရပါ။

## ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်



အုပ်စုဖြင့် လူ့အခွင့်အရေးအကြောင်း ဆွေးနွေးနေစဉ် ကလေးများ၏ အခွင့်အရေးများဆိုင်ရာ အယူအဆ သဘောတရားကို မိတ်ဆက်ပေးပါ။ ကလေးများနှင့် လူရွယ်များအနေဖြင့် ၎င်းတို့အတွက် သီးခြားအခွင့် အရေးများ လိုအပ်ပါသလားဟု မေးပါ။ ထို့အခွင့်အရေးများကို လူကြီးများနှင့် အာဏာပိုင်များက လေးစားမှု ရှိရပါမည်။ အဓိက မေးမြန်းချက်ကို အုပ်စုတစ်စုအား ရေးမှတ်ထားရန် ပြောပါ။ ကုလသမဂ္ဂလူ့အခွင့်အရေး ကြေငြာစာတမ်းကဲ့သို့ ကလေးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးပြီး ကမ္ဘာ့နိုင်ငံ အသီးသီး နီးပါးက လက်မှတ်ရေးထိုးထားသော စာချုပ်ကို သိရှိပါသလားဟုမေးပါ။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီလာခံစာချုပ်ရှိနေသည်ကို ၎င်းတို့ သိရှိမှု ရှိ မရှိ သိလို၍ မေးရခြင်း ဖြစ်သည်။(စာအုပ်အတွင် မိတ္တူ ပါဂင်ပါသည်)။

ကုလသမဂ္ဂ သဘောတူစာချုပ်ကို သင်နှင့်တပါတည်း ရှိနေပါစေ။ သို့မဟုတ် ထိုစာချုပ်ကို နံရံပေါ်တွင် ချိတ်ဆွဲပြီး အားလပ်ချိန်တွင် ၎င်းတို့အား လေ့လာပါစေ။ အုပ်စုမေးသောအချက်များနှင့် စာချုပ်တွင် ပါသော အပိုဒ်များကို နှိုင်းယှဉ်ပါ။ အကယ်၍ အချို့က ဤသဘောတူစာချုပ်ကိုမကြားဘူးလျှင် အဓိကကျသော အပိုဒ်များကိုဆွေးနွေးပါ။ အထူးသဖြင့် အားလုံးအတွက် ပညာရေး (အပိုဒ် ၂၈) ဖြစ်သည်။ ကလေးများအား စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း (အပိုဒ် ၃၂)လည်း ပါဝင်သည်။

## အငယ်ဆုံး
## အသက်ဆိုင်ရာ
## အိုင်အယ်လ်အို
## ပြဋ္ဌာန်းချက်အမှတ်
## ၁၃၈

ကုလသမဂ္ဂအဖွဲ့အစည်းအမျိုးမျိုးအကြောင်း ဆွေးနွေးချက်ကို ပြန်ကိုးကားပါ။ ထို့နောက် အိုင်အယ်လ်အို ၏ အခန်းကဏ္ဍကို အကျဉ်းချုံးရှင်းပြပါ။ အိုင်အယ်လ်အိုသည် လုပ်ငန်းကမ္ဘာတွင်ဆောင်ရွက်သည့် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခု ဖြစ်သည်။ နိုင်ငံအတွင်းနှင့် နိုင်ငံများ အချင်းချင်းကြား လူမှုရေးတရားမျှတမှု မြှင့်တင်ရန်ဆောင်ရွက်သည်။ အဓိကအခန်းကဏ္ဍတစ်ခုမှာ အလုပ်နေရာတွင်အခြေခံအခွင့်အရေးကို လေးစားလိုက်နာစေရေးဖြစ်သည်။ ယင်းသို့ဖြစ်ရန်သုံးပွင့်ဆိုင် ဆောင်ရွက်ပါသည်။ (အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂ ဖြစ်သည်။) အိုင်အယ်လ်အို၏ အလုပ်လုပ်ပုံနည်းစနစ်များနှင့် အခန်းကဏ္ဍကို ပိုသိလိုလျှင် လုပ်ငန်းကမ္ဘာလုပ်ငန်းစုကို ကိုးကားပါ။

သဘောတူစာချုပ် ၁၃၈ ကိုအုပ်စုအာရုံစိုက်လာရန်လုပ်ပါ။ (မိတ္တူကို စာအုပ်အတွဲ တွင်ပါသည်)။ ယင်းသည် ကလေးအလုပ်သမားပပျောက်ရေးအတွက် အခြေခံဖြစ်သည့် သဘောတူစာချုပ်ဖြစ်သည် ဆိုသည်ကို ရှင်းပြပါ။သဘောတူစာချုပ်ကိုအသုံးပြုပြီး(မိတ္တူများရှိလျှင်ဖြန့်ဝေပေးပါ)ကလေးအလုပ်သမားနှင့် ပတ်သက် သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကိုမကိုင်တွယ်မီ အဓိက မေးရမည့် မေးခွန်းများကို သိပါသလားဟု အဖွဲ့ကို မေးပါ။ ဤနေရာတွင် သင့်အနေဖြင့် ကလေးအလုပ်သမား ဆိုသည့်အဓိပ္ပါယ်ကို သိရန်လုပ်ရမည်ဖြစ်သည်။ ၎င်းတို့ကို မည်သို့အဓိပ္ပါယ်ဖွင့်ဆိုနိုင်ကြောင်းနှင့် မည်သို့ဖေါ်ထုတ် နိုင်မည် ဆိုသည်ကို မေးပါ ( ဆိုလိုသည်မှာနိုင်ငံတစ်နိုင်ငံတွင် တရားဝင် အလုပ် လုပ်နိုင်သည့်အသက်ဖြစ်သည်)။ ၎င်းတို့ ပြောဆိုမှုများအနက် မှန်ကန်စွာမှတ်ချက်ပြုမှု သို့မဟုတ် အနီးစပ်ဆုံးဖြစ်သည့် အချက်များကို သေချာစွာနားထောင်ပြီး မှတ်ထားပါ။ မေးခွန်းများမေးနေပြီး အဖြေရသည်အထိ ဆွေးနွေးရန်တိုက်တွန်းပါ။

နိုင်ငံအမျိုးမျိုးတွင် အလုပ် လုပ်ခွင့်ပေးနိုင်သော အငယ်ဆုံးကလေး အသက်ကိုအစိုးရများသတ်မှတ်ရန် အငယ်ဆုံးကလေးအသက် သဘာတူစာချုပ်ကလမ်းညွှန်မှုချမှတ်ပါသည်။အချိန်ပြည့်အလုပ် လုပ်ခွင့်မပေးမီ ကလေးများအနေဖြင့် မသင်မနေရ ပညာရေးကို







ပြီးဆုံးပြီးဖြစ်ရမည်ဟု ယင်းသဘောတူညီချက်က ဖေါ်ပြ ပါသည်။ ပေ့ါပါးသေ
သာအလုပ်များကိုခွင့်ပြုပါသည်။ ဉပမာ အိမ်မှုကိစ္စ အစရှိသည်တို့ဖြစ်သည်။
တာဝန်ကြီးလေးလံသောအလုပ် နှင့် ညပိုင်းအလုပ်များကိုရည်ညွှန်းသည်။
ဉပမာ မိုင်းတွင်းလုပ်ငန်း။ ကလေးအလုပ်သမားတိုက်ဖျက်ရေးတွင်
ယင်းကို အပြည့်စုံဆုံးနှင့် တစ်ခုတည်းသောအရေးကြီးသည့် သဘာတူစာ
ချုပ်ဖြစ်သည်ဟုလက်ခံထားပါသည်။ လူရွယ်များအတွက်နားလည်ရန်မ
လွယ်သည့် အသုံးအနှုံးများဖြင့်ရေးထားပါသည်။ ထို့ကြောင့် လူရွယ်များ
နားရှုပ်ထွေးမှုမရှိရန်နှင့် မသိမှုမရှိရန်သင့် အနေဖြင့်သတိထားရမည်။

ကလေးအုပ်သမား ပပျောက်ရေးအတွက် လူရွယ်များအား
ဉပဒေရေးရာတွင် ကြွမ်းကျင်သူများဖြစ်ရန် လုပ်နေခြင်းမဟုတ်သည်ကို
ဦးတည်ခြင်းမရှိသည်ကို သင့်အနေဖြင့်အမှတ်ရ ရပါမည်။ ကလေးအလုပ် သမား
ပြဿနာကိုကျော်လွှားနိုင်ရန် အစိုးရများကို အကူအညီပေးရန်ကြိုးပမ်းနေသည့်
အလွန်ကြီးမားသော အဖွဲ့များရှိနေသည်ကို ၎င်းတို့သိရှိနားလည်ရန်
သင့်အနေဖြင့်အကူအညီ ပေးရမည် ဖြစ်သည်။ အဓိက အပြည်ပြည်ဆို
င်ရာသဘောတူစာချုပ်များကို မိတ်ဆက်ပေးရန်မှာ သင်၏ ရည်မှန်းချက်
ဖြစ်ရမည်။ ထိုအခါ သူတို့အနေဖြင့် ထိုစာချုပ်များရှိနေမှုကို သတိပြုမိပြီး
နောက်ခံသတင်းအချက်အလက် အချို့ကို ရရှိ မည်ဖြစ်သည်။ သို့သော် စာ
ချုပ်ပါအချက်များအပေါ်အချိန်သိပ်မယူပါနှင့်။ လူရွယ်များအတွက် ရှုပ်ထွေး
စေနိုင်၍ဖြစ်သည်။



ထိုသဘောတူစာချုပ်များကို အစိုးရများအနေဖြင့် ၎င်းတို့၏ နိုင်ငံတော်
တရားဉပဒေ တွင် နိုင်ငံက လက်ခံနိုင်သည့်ပုံစံဖြင့် ထည့်ရသည်ကို
ရှင်းပြပါ။ ကုလသမဂ္ဂ က ကမ္ဘာကြီးကို လွှမ်းမိုး အုပ်ချုပ်ခြင်း
မရှိပါ။ လိုအပ်သည့်နေရာများတွင် အကြံဉာဏ်ပေးခြင်းနှင့်
အထောက်အကူပေးခြင်းသာပြုပါသည်။ မည်သည့် အုပ်စုက
စိတ်ဝင်စားဖွယ် မေးခွန်းတစ်ခုမေးသလားဆိုသည်ကိုစောင့်ကြည့်ပါ။။
ထိုသဘောတူညီချက်များ ရှိနေလျှင် ကလေးအလုပ်သမားပြဿနာသည်
အဘယ်ကြောင့် ကြီးနေရသနည်းနှင့် ကမ္ဘာနှင့်အဝှမ်း လူ့အခွင့်အရေးများ
အဘယ်ကြောင့် ချိုးဖေါက်နေရသနည်းဆိုသည့်အချက် ဖြစ်သည်။
ယင်းသည် အလွန် ကြီးကျယ်သည့်မေးခွန်း ဖြစ်သည်။ ကမ္ဘာနိုင်ငံရေး၊
စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့ကို အချေအတင် ငြင်းခုန် ရမည့်
စိတ်ဝင်စားဖွယ်ရာ တွေးခေါ်စဉ်းစားရမည့် အချက် ဖြစ်စေနိုင်ပါသည်။
ယင်းနှင့် ပတ်သက်၍အခွင့်အရေးရလျှင် အချိန် အနည်းငယ်ယူ၍ ဆွေးနွေးပါ။
လူရွယ်များ၏ပညာရေးနှင့် ဖွံ့ဖြိုးမှု အတွက် ၎င်းတို့၏ ဤအရေးကိစ္စများအပေါ်
ရှုမြင်မှုသည် အလွန်အရေးကြီးပါသည်။

ဤဆွေးနွေးမှုက ယင်းသဘောတူစာချုပ်များသည် လက်တွေ့တွင် မည်မျှ
အသုံးဝင်သနည်း ဆိုသည်ကို စဉ်းစားစရာ ဖြစ်စေပါသည်။ မည်သည်တို့ကို

ဆောင်ရွက်ပေးနိုင်ပါသလဲ။ ကုလသမဂ္ဂနှင့် ၎င်းအဖွဲ့များ၏ လုပ်ဆောင်မှုများပေါ် အမြင်သဘောထားများ အစရှိသည်တို့ဖြစ်သည်။ အကယ်၍ ယင်းတို့ကို အုပ်စုက မေးမလာလျှင်သင်ကမေးပေးရမည်။ သဘောတူစာချုပ်များနှင့် အကောင်အထည်ဖော်မှုများအပေါ် အဖွဲ့ဝင် နိုင်ငံများက လေးစားမှုရှိခြင်း တာဝန်ယူခြင်းနှင့် နစ်မြုပ်ဆောင်ရွက်ခြင်းတို့ပေါ် မူတည်သည်ကို အလေးပေး ပြောကြားပါ။

## အဆိုးရွားဆုံးပုံသဏ္ဍာန်ဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဆိုင်ရာ ILO ပြဌာန်းချက်အမှတ် ၁၈၂

အိုင်အယ်လ်အို သဘောတူစာချုပ် ၁၈၂ ကို စတင်ပါ။ (မိတ္တူသည် စာအုပ်အတွဲတွင် ပါသည်။) ဤစာချုပ်သည် အဆိုးရွားဆုံး ပုံသဏ္ဍာန်ဖြင့် ခိုင်းစေခံရသော ကလေးအလုပ်သမား ပပျောက်ရေးကို အဓိကထားပြီး ၁၉၉၉ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သည်။ ကလေးအလုပ်သမားသည် အလွန်ကြီးမားသော ပြဿနာဖြစ်သည်ဆိုခြင်းနှင့် စတင်ပါ။ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် နိုင်ငံတော် တရားဥပဒေများ ရှိနေပါလျက် မလျော်မကန် ပြုမူမှုများ ဆက်လက်ရှိနေပြီး ကလေးအများအပြားသည် အလုပ်လုပ်နေကြဆဲဖြစ်သည်ကို ပြောပါ။ လုပ်ငန်းစုများကို ဆက်လက်လေ့လာရာမှ လူရွယ်များအတွက် အတွေးတစ်ခု ရရှိစေပါသည်။ ကလေး အလုပ်သမားသည် အလွန်ကြီးမားသည့် ပြဿနာ ဖြစ်သည်။ လူများနှင့် အဖွဲ့အစည်းများက ယင်းနှင့် ပတ်သက်၍ ကာလရှည်ကြာစွာ လုပ်ဆောင်နေကြသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်တို့အနေနှင့် ဘာလုပ်ပေးနိုင်သနည်း ဆိုသည်ကို စဉ်းစားမိပေမည်။

ဤလုပ်ငန်းစုများကို ဆောင်ရွက် အကောင်အထည် ဖော်ရာတွင် သင့်အနေဖြင့် အစောပိုင်းထဲက မေးသင့် သော မေးခွန်းတစ်ခု ဖြစ်သည်။ ကမ္ဘာနှင့်အဝှမ်း တိုက်ဖျက်မှုရှိနေသော်လည်း ကလေးအလုပ်သမား ဆက်လက်ရှိနေသေးသည် ဆိုသည်ကို ထောက်ပြပါ။ ကမ္ဘာနှင့်အဝှမ်း ယင်းပပျောက်ရန် လူတိုင်း၏ အကူအညီနှင့် ထောက်ပံ့မှုများ အတူတကွ လုပ်ဆောင်ရန် ပို၍လိုအပ်သည် ဆိုသည်ကို ထောက်ပြပါ။

ဤသည်မှာ အရေးကြီးသည့် သဘောတူစာချုပ်ကို လက်ခံရန်အတွက် အခြေခံပင် ဖြစ်သည်။ ကလေးအလုပ်သမား ပြဿနာသည်အလွန်ကြီးမား သည်ဆိုသည်မှာ ရှင်းပါသည်။ ယင်းကို တစ်ခုတည်းနှင့် ဖြေရှင်း၍ မရနိုင်ပါ။ အလုပ်ခန့်ထားရေးတွင် အငယ်ဆုံးအသက် ဆိုသည်ကို ကိုးကားရုံဖြင့် မရနိုင်ပါ။ ထို့ကြောင့် ယခု သဘောတူစာချုပ်အသစ်သည် ကလေးအလုပ်သမားအရေးကိုယ် တွယ်ရာတွင် အဆိုးရွားဆုံးနှင့် ထိခိုက်မှုအများဆုံးဖြစ်စေသည့် ပုံသဏ္ဍာန်များကို ပထမဦးစွာ အဓိကထားခဲ့သည်။ ယင်းတွင် ကလေးပြည့်တန်ဆာ၊ ကလေးစစ်သား၊ မူးယစ်ဆေးဝါး သယ်ဆောင်ခြင်းနှင့် အခြား အန္တရာယ် ရှိသော အလုပ်များ ဖြစ်သည်။

သဘောတူစာချုပ်မည်သို့ ဆောင်ရွက်ပုံနှင့် အချိန်သတ်မှတ်ချက်အတွင်း မည်သည့်ရလာဒ် မျှော်မှန်းသည် ကိုအကျဉ်းချုပ်ရှင်းပြပါ။ ဤသဘောတူ

စာချုပ်အတွက်အချိန်သိပ်မသုံးပါနှင့်။ အဆိုးရွားဆုံးခိုင်းစေခံရသော ကလေးအလုပ်သမားပုံသဏ္ဍာန်အချို့ကို ပြောပြလျှင်ရပြီဖြစ်သည်။ ယင်းတို့သည် ချက်ချင်းအရေးယူ ဆောင်ရွက်ရန် အဘယ်ကြောင့် အရေးကြီးသည်ကို ပြောပြရမည်။ အခြားပို၍ များပြားသော ကလေးအလုပ် သမားပြဿနာများကို စတင်မကိုင်တွယ်မီ ယင်းတို့ကို ဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောပါ။



## အသုံးပြုမည့်သူအတွက် မှတ်စု

ကလေးများကို အကာအကွယ်ပေးပြီး ကလေးဘဝအရွယ်တွင် ပျော်ရွှင်မှုရှိစေရေးနှင့် ပညာသင်ကြားနိုင်စေရန် ဆောင်ရွက်နိုင်သည့်နည်းများ ရှိသည်ကို အုပ်စုအား အလေးပေး ပြောကြားပါ။ လူရွယ်များ အပါအဝင် လူမှုအဖွဲ့အစည်းများအနေဖြင့် ဤသင့်လျော်သော သဘောတူစာချုပ်များကို အသုံးချသည့်အပေါ် မူတည် ပါသည်။ အထူးသဖြင့် အလုပ်ရှင်များ ဥပဒေကို လေးစားလိုက်နာခြင်း ဖြစ်သည်။ ကလေးအလုပ်သမား ပပျောက်ရေးတွင် ကျွန်ုပ်တို့ အားလုံးတွင်တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ အသိဉာဏ်ဗဟုသုတ တိုးပွားလာစေပြီး ယင်းအသိဉာဏ် ပြန့်ပွားရန် ပြုလုပ်ခြင်းသည် လွန်စွာ အရေးကြီးပါသည်။

## အခြေခံမူများနှင့် အလုပ်ခွင် အခွင့်အရေးများနှင့် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်သော အိုင်အယ်လ်အို ကြေငြာစာတမ်း

အုပ်စုအား နောက်ဆုံးမိတ်ဆက်ပေးရမည့်အကြောင်းအရာမှာ အခြေခံမူများနှင့် အလုပ်ခွင် အခွင့်အရေးများ နှင့် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်သော အိုင်အယ်လ်အို ကြေငြာစာတမ်း ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သည်။ ယင်းသည် ဖော်ပြခဲ့သော သဘောတူစာချုပ်များ၏ အခန်းကဏ္ဍနှင့်အဆင့်မျိုး မရှိပါ။ သို့သော် အလွန်အရေးကြီးသည့် မှတ်တမ်း ဖြစ်သည်။ အိုင်အယ်လ်အို နှင့် အဖွဲ့ဝင်နိုင်ငံများက လေးစားရန်၊ မြှင့်တင်ရန်နှင့် အောက်ပါမူဝါဒနှင့် အခွင့်အရေး လေးခုကို အကောင်အထည်ဖော်ရန်အတွက် ပြန်လည် ပြင်ဆင်ခဲ့၍ ဖြစ်သည်။

၁။ လွတ်လပ်စွာ ဖွဲ့စည်းခြင်းနှင့် စုပေါင်းအရေးဆိုမှု အခွင့်အရေးကို ထိရောက်စွာ အသိအမှတ်ပြုခြင်း (အလုပ်သမား သမဂ္ဂများ၏ အခြေခံအခွင့်အရေး)

၂။ အတင်းအကြပ်နှင့် အဓမ္မစေခိုင်းခြင်းပုံစံအားလုံး ပပျောက်ရေး (ဥပမာ - ကျေးကျွန်ပြုခြင်း)

၃။ ကလေးအလုပ်သမား ပပျောက်ရေး ထိရောက်မှုရှိစေခြင်း (စက်ခရင်းမ် အတွက် အဓိက အခြခံမူ)

၄။ အလုပ်ခန့်ထားရေးနှင့် အလုပ်လုပ်ကိုင်ခြင်းတို့တွင် ခွဲခြားမှု ပပျောက်စေခြင်း (ခွဲခြားမှု အားလုံး)

တတိယမှုကို အလေးပေးပါ။ အုပ်စုအတွက် အရေးကြီး၍ ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံတိုင်း ကလေးအလုပ် သမားပပျောက်ရေးအတွက် ဆောင်ရွက်ရမည်။ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ ယဉ်ကျေးမှုတန်ဖိုး၊ သမိုင်း ကြောင်း သို့မဟုတ် အိုင်အယ်လ်အိုသဘောတူစာချုပ်များကို မည်မျှရေးထိုးခဲ့သည်တို့ပေါ် မူတည်မှု မရှိဘဲ နိုင်ငံတိုင်းကဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် အကူအညီ လိုအပ်သည့် နိုင်ငံများကို အိုင်အယ်လ်အို က ပံ့ပိုးထောက်ပံ့ရန်လည်း တာဝန် ရှိပါသည်။ ဉပမာ - ကလေးအလုပ်သမား ပပျောက်ရေး လုပ်ဆောင်ခြင်း။

ကြေငြာစာတမ်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်းတို့ မည်သို့ ဆောင်ရွက်ပုံကို အုပ်စုအား ရှင်းပြပါ။ အဓိက မှတ်တမ်းနှစ်ခုဖြင့် ရှင်းပြပါ။ နှစ်စဉ် သုံးသပ်ချက်နှင့် ကမ္ဘာ့အစီရင်ခံစာတို့ဖြစ်သည်။ နှစ်စဉ် သုံးသပ်ချက်ကို သက်ဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးမထားသောနိုင်ငံများ ၏ အစီရင်ခံစာများပေါ် အခြေခံ ပြုစုထားသည့် အစီရင်ခံစာများ ဖြစ်သည်။ ဉပမာ - သဘောတူစာချုပ် ၁၃၈ နှင့် ၁၈၂ ဖြစ်သည်။ ယင်းသည် ထိုမူများနှင့် အခွင့်အရေးများကို မည်မျှလိုက်နာသည်ကို ဖေါ်ပြသည်။ အလုပ်ရှင်များအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများကို တိုက်တွန်းအားပေးမှု ရှိခြင်းသည် အုပ်စုအတွက် စိတ်ဝင်စားဖွယ်ကောင်းသည်။ ကြေငြာစာတမ်း မြှင့်တင်ရေးနှင့် သက်ဆိုင်ရာ အစီရင်ခံစာ များကို မှတ်ချက်ပေးသည့် အပိုင်းများတွင် တက်ကြွစွာပါဝင်စေခြင်းဖြင့် အစိုးရများအနေဖြင့် နှစ်စဉ်သုံးသပ်ချက်တွင် ထည့်သွင်းရန် အစီရင်ခံစာများရေးရာတွင် ပါဝင်ရန် တိုက်တွန်းခြင်း ဖြစ်သည်။

၎င်းတို့၏ လုပ်ငန်းစုများ၏ အစိတ်အပိုင်းအဖြစ် လာရောက်ခဲ့သော အလုပ်သမားအဖွဲ့အစည်း (အလုပ်သမား သမဂ္ဂများ)နှင့် အလုပ်ရှင်များ (စီးပွားရေးသမားများ) အား ယင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းရန် အုပ်စုအားတိုက်တွန်းပါ။ ကြေငြာစာတမ်းနှင့် ပတ်သက်၍ ၎င်းတို့ မည်သည်ကို သိထားသည်ကို မေးနိုင်ပါသည်။ ယင်းတို့ ပိုမိုကောင်းမွန်လာရန် မည်သည်တို့ လုပ်ဆောင်သည်နှင့် နှစ်စဉ် သုံးသပ်ချက်အတွက် အစီရင်ခံစာ ရေးရာတွင် ပါဝင်မှု ရှိ မရှိ တို့ကို မေးနိုင်သည်။ ထိုအစီရင်ခံစာများတွင် ကလေးအလုပ်သမားများအခြေအနေ နှင့် ပတ်သက်၍ ကိုးကားမှုများ ရှိရပါမည်။ ဤကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့် အစီရင်ခံစာတွင် အစိုးရအနေဖြင့် မည်သည်တို့ ပြောဆိုခဲ့သည်ကို အုပ်စုအနေဖြင့် မေးမြန်း နိုင်ပါသည်။ ထိုအဖွဲ့များသည် အုပ်စုများ၏ မေးခွန်းများကို အံ့သြနေမည် ဖြစ်သည်ကို သင်တွေ့ရှိပေမည်။ မည်သို့ဖြေရမည်ဆိုသည်ကို မသိကြကြောင်းလည်း တွေ့ရမည် ဖြစ်သည်။ ယင်းတို့အားလုံးသည် သင်ယူမှု ဖြစ်စဉ် ဖြစ်ပါသည်။ အုပ်စု အနေဖြင့် ကြေငြာစာတမ်း၊ ယင်း၏မူများနှင့် အခွင့်အရေးများ၊ လူမှုရေး တရားမျှတမှုတို့ တိုးတက်လာရန် ၎င်းတို့ ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍကို သိလာစေနိုင်သည်။

ကမ္ဘာ့အစီရင်ခံစာကိုလည်း နှစ်စဉ်ထုတ်ဝေပါသည်။ သို့သော် နှစ်စဉ်သုံးသပ်ချက်နှင့်မတူပါ။ မူနှင့်အခွင့် အရေးများနှင့် ဆိုင်သော ကဏ္ဍတစ်ခုကိုသာ အဓိကထားပါသည်။ အိုင်အယ်လ်အို အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာ သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးမှု ရှိ မရှိကိုလည်း ဖော်ပြပါသည်။ ထို့ကြောင့် ၄ နှစ်ပြည့်သော အခါ မူဝါဒနှင့် အခွင့်အရေးမူများကို စစ်ဆေးပြီး ဖြစ်မည် ဖြစ်သည်။ ၂၀၀၂ ခုနှစ်သည် ကလေးအလုပ်သမား အလှည့်ကျရောက်ပြီ ဖြစ်သည်။

ဆွေးနွေးမှု ပြီးဆုံးသွားသောအခါ ကြေငြာစာတမ်းသည် အရှိန်အဟုန်ရှိပြီး လက်တွေ့ကျသော အပြည်ပြည် ဆိုင်ရာစာချုပ်စာတမ်း ဖြစ်သည်ဆိုသည်ကို အုပ်စုအနေဖြင့် နားလည်သဘောပေါက်လာမည် ဖြစ်သည်။ အိုင်အယ်လ်အို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အထက်ဖော်ပြပါမူနှင့် အခွင့်အရေး အခြေခံမူ ၄ ရပ်အပေါ် မည်မျှ လေးစား လိုက်နာမှု ရှိသည်ကို အနီးကပ် စောင့်ကြည့်စစ်ဆေးနိုင်သော စာချုပ်စာတမ်း ဖြစ်သည်။ ယင်းမူနှင့် အခွင့် အရေးများသည် ကမ္ဘာနှင့်အဝှမ်း လူမှုရေးတရားမျှတမှုနှင့် ဆက်စပ်မှု ရှိသည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

သတင်းအချက်အလက် ထပ်မံရရှိရန် လိုပြီး သင့်အနေဖြင့် အင်တာနက် ချိတ်ဆက်နိုင်လျှင် အိုင်အယ်လ်အို ဝက်ဘ်ဆိုဒ်မှ ဆီလျော်သော အပိုင်းတွင် ကြေငြာစာတမ်းနှင့် ပတ်သက်၍ ထုတ်ယူရန် ထောက်ခံအကြံပြု ပါသည်။ အိုင်အယ်လ်အို www.ilo.org သို့ဝင်ရောက်ပြီး ကြေငြာစာတမ်း စာမျက်နှာဖြင့် ချိတ်ဆက်နိုင်သည်။

# လုပ်ငန်း ၃။ ရုပ်ပုံဆက်စပ်မှု

သင်ကြားချိန် တစ်ချိန်

အထက်ဖော်ပြပါ စာချုပ်စာတမ်းများ၏ အဓိကအချက်များကို ရုပ်ပုံများ ဆက်စပ်ခြင်းဖြင့် နားလည်သဘော ပေါက်စေရန် ဤလေ့ကျင့်ခန်းက ကူညီမှု ပေးမည် ဖြစ်သည်။ စာချုပ်စာတမ်းများကို သင့်အနေဖြင့် မိတ်ဆက်ပေးရာတွင် ဤလေ့ကျင့်ခန်းကို သုံးနိုင်သည်။ သို့မဟုတ် သင်ဆောင်ရွက်ခဲ့သည်များကို နောက်ဆက်တွဲအဖြစ် ဆက်လုပ်နိုင်သည်။ ဤလေ့ကျင့်ခန်းအတွက် လိုအပ်သောပစ္စည်းများကို ကြိုတင်ပြင်ဆင်ရန် လိုသည်။ ပထမဦးစွာ အောက်တွင် ဖော်ပြထားသောသဘောတူစာချုပ် သုံးခုမှ အရေးကြီးသော အချက်/အဆိုအမိန့်များကို ကျောက်သင်ပုန်း၊ သင်ပုန်းဖြူ၊ စာရွက်ကြီးပေါ်တွင် ရေးချရပါ မည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ညီလာခံသဘောတူစာချုပ်၊ အိုင်အယ်လ်အို စာချုပ် ၁၈၃ နှင့် ၁၈၂ တို့ဖြစ်သည်။ ဥပမာ- အဖွဲ့ဝင်နိုင်ငံများသည် ကလေးများ ပညာသင်ကြားခွင့်ကို အသိအမှတ်ပြုသည်။ သို့မဟုတ် ကလေးများကို စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းမှ အကာအကွယ်ပေးခံပိုင်ခွင့်ကို အသိအမှတ် ပြုသည်။ ရှင်းလင်းစွာ ရေးပါ။ သို့မှအုပ်စုများ ဖတ်၍ရမည်။ ဥပဒေနှင့်အခြားစာသားများကို အပြည့် ပြန်မရေးဘဲ အတိုချုပ်ရေးပါ။

သင်ရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြုပြီး ရုပ်ပုံများကို ရွေးပါ။ (ရုပ်ပုံလုပ်ငန်းစုကို ကြည့်ပါ။) ဓါတ်ပုံများ၊ မိတ္တူကူးထားသည်များ၊ အချို့သည် ထုတ်ဝေထားသောစာအုပ်များတွင် ပါသည်၊ စာအုပ်များနှင့် လက်ကမ်းစာစောင်များမှလည်း ရနိုင်သည်။ ကလေးများ ခေါင်းပုံဖြတ်ခံနေရပုံ၊ မတော်မတရားလွဲမှားစွာ ပြုမူခံနေရပုံ၊ ၎င်းတို့ အခွင့်အရေးများ တနည်းနည်းဖြင့် ဆုံးရှုံးရပုံများ ဖြစ်သည်။ ယင်းတို့အထဲမှအချို့သည် ကလေးအလုပ်သမားများ ဖြစ်မည်။ အချို့သည်လမ်းပျော်ကလေးများ သို့မဟုတ် အာဟာရချို့တဲ့သော ကလေးများ ဖြစ်နိုင်သည်။ ထိုသဘောတူစာချုပ်ထဲမှ ထုတ်နှုတ်ထားသောအချက်များနှင့် ကိုက်ညီသော ရုပ်ပုံများကို ရွေးထုတ်ထားသော်လည်း အခြားလူ့အခွင့်အရေးများချိုးဖေါက်မှု ပုံစံများကို ဖေါ်ပြသည့် ရုပ်ပုံ များကိုလည်း အခြားနေရာများမှ ရှာယူပါ။ ဥပမာ - ရဲ၏ ရိုက်နှက်ခြင်း ခံနေရသော သူတစ်ဦး၊ အိမ်ခြေယာမဲ့ ပုဂ္ဂိုလ်များ၊ ဒုက္ခသည်များ၊ ခွဲခြားဆက်ဆံခြင်းခံနေရသော အမျိုးသမီးတစ်ဦး အစရှိသည်တို့ဖြစ်သည်။ ဤပုံ များကို ဤလေ့ကျင့်ခန်း၏ နောက်ဆုံးဆွေးနွေးသည့် အချိန်တွင် သုံးစွဲပါမည်။



သင်ရေးထားသည့် အရေးကြီးသောအချက် နေရာနှင့် နီးကပ်သည့် စားပွဲခုံပေါ်တွင် သဘောတူစာချုပ်များ နှင့် သက်ဆိုင်သည့်ရုပ်ပုံ များကို စီချထားပါ။ ရေးထားသောအချက်များနှင့် ရုပ်ပုံများကို အုပ်စုတစ်စုချင်း



သို့မဟုတ် တစ်ဦးချင်း လာရောက်လေ့လာရန် ပြောပါ။ တကြိမ်လျှင် ရေးထားသော အချက်တစ်ခုကို သရုပ်ဖေါ်နိုင်သည့် ရုပ်ပုံကို ရွေးပြီး ဆွေးနွေးပါစေ။ ဥပမာ - အုပ်စုထဲမှ အဖွဲ့ဝင်တစ်ဦးက ကောဇောစက်ရုံတွင် အလုပ်လုပ်နေသော ကလေးပုံတစ်ပုံကို ရွေးပြီး စာတန်းတစ်ခုဖြင့် ဆက်စပ်ပြမည် ဖြစ်သည်။ "အဖွဲ့ဝင်နိုင်ငံများသည် ကလေး များ စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်း မခံရစေရန်အကာအကွယ် ပေးခံပိုင်ခွင့်ရှိသည်ကိုအသိအမှတ်ပြုသည်" ဆိုလိုသည်မှာ ကလေးအလုပ်သမားဖြစ်ခြင်းမှ အကာအကွယ် ပေးခြင်း ဖြစ်သည်။

ရုပ်ပုံနှင့်စာတန်းကို ဆက်စပ်ခဲ့သူတစ်ဦးချင်းအား အဘယ်ကြောင့် ထိုရုပ်ပုံကို ရွေးရသည်ကို ရှင်းပြရန် ပြောပါ။ ထိုရွေးချယ်မှုအား အုပ်စုဝင်အားလုံးအား သဘောတူ မတူ မေးပါ။ အခြားပုံကို ရွေးလိုသူ ရှိပါသေးလား။ အဘယ်ကြောင့် ရွေးချင်ပါသလဲ။ ၎င်းတို့အား ကျိုးကြောင်းပြဆိုရန် ပြောပါ။ အခွင့်အရေးဆိုသည့်စကားလုံးကို မည်သို့နားလည်သည်ကို ၎င်းတို့အားမေးပါ။ အခွင့်အရေးသည် မည်သည်ဟု ထင်ပါသလဲနှင့် လူမှုအဖွဲ့အစည်းမှပုဂ္ဂိုလ်များ၊ လမ်းပေါ်မှ ပုဂ္ဂိုလ်များ၊ လူရွယ်များဖြစ်သည့် ၎င်းတို့အတွက် မည်သို့ သက်ရောက်စေပါသလဲ စသည်တို့ကိုမေးပါ။ ၎င်းတို့ကိုစိတ်ဝင်စားပြီး တက်ကြွစွာ ဆွေးနွေးနိုင်သမျှ ဆွေးနွေးခွင့် ပေးပါ။ ရေးထားသော အချက်အားလုံးကို အနည်းဆုံး ရုပ်ပုံတစ်ပုံဖြင့် ဆက်စပ်မှု ရှိပါစေ။ ရုပ်ပုံတစ်ပုံသည် မှတ်ချက်တစ်ခုထက် ပို၍ ဆက်စပ်နိုင်ပါသည်။ ယင်းသည် ကိစ္စ မရှိပါ။ အရေးကြီးသည်မှာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင် ဖေါ်ပြသော အခွင့်အရေးများကို နိုင်ငံ၏ ဥပဒေပြဌာန်းချက် စနစ်ဖြင့် ဆွေးနွေးနေစဉ် ဆက်စပ်ပေးရန် ဖြစ်သည်။ သဘောတူစာချုပ်များတွင် ဖေါ်ပြ ထားသော အခွင့်အရေးများကို နိုင်ငံတွင်း သုံးစွဲနိုင်ရန် ၎င်းတို့ကို နိုင်ငံ၏ ဥပဒေအတွင်း ပေါင်းစပ်ထည့်သွင်း ရမည် ဖြစ်သည်။ ထိုမှစ၍ နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖေါက်ခံရလျှင် ဥပဒေအရ အကာအကွယ်ပေးခံပိုင်ခွင့် ရှိလာမည် ဖြစ်သည်။ ယင်းသည် ကလေးများ၏ အခွင့်အရေးများလည်း အလားတူ ဖြစ်သည်။

ဆွေးနွေးမှု ပြီးဆုံးသွားသည့်အခါ သင်ရှာဖွေထား အခွင့်အရေးချိုးဖေါက်သည့် ရုပ်ပုံများကို ထုတ်ယူပါ။ ယင်းရုပ်ပုံများကို လူရွယ်များအား ဖြန့်ဝေပြီး မည်သည့်အခွင့်အရေးများကို ချိုးဖေါက်သည့်ရုပ်ပုံများ ဖြစ်သည်ကို မေးပါ။ ချိုးဖေါက်မှုများကို ဆွေးနွေးပါ။ အချို့ပုံများသည် အုပ်စုများအတွက် သဲကွဲမည် မဟုတ်ပါ။ ဥပမာ - အမျိုးသမီးများအား ခွဲခြားခြင်း။ ခွဲခြားခြင်းဆိုင်ရာ ဆွေးနွေးအဖြေရှာရမည့် ကိစ္စမှာ အရေးကြီးပါသည်။ အခွင့်အရေးများသည် အဖွဲ့အစည်းတွင်းရှိ လူအားလုံးအတွက် အကျိုးဝင်သည်ဆိုသည့် အခါ ဖြစ်သည်။ ယင်းသည် အုပ်စုအတွင်း စိတ်ဝင်တစား ဆွေးနွေးစရာ ဖြစ်စေနိုင်သည်။

အထူးသဖြင့် လူမျိုး ပေါင်းစုံနေထိုင်သည့် လူမှုအဖွဲ့အစည်းဖြစ်နေလျှင် ဖြစ်သည်။

အခွင့်အရေးချိုးဖေါက်မှုများကို အစိုးရများနှင့်လူမှုအဖွဲ့အစည်းက မည်သို့ကာကွယ်နိုင်သည်ကို ဆွေးနွေးပါ။ လူတို့၏ အခြေခံ အခွင့်အရေးကို မချိုးဖေါက်စေရန် မည်သည်တို့ ပြုလုပ်သင့်ပါသနည်း။ လူတိုင်းကို မည်သို့ ကာကွယ်နိုင်သနည်း။ လူတိုင်းကို ကာကွယ်ပေးရန် လိုပါသလား။ လူတိုင်းကို ကာကွယ်ပေးရန် လိုသည်ဟု အုပ်စုအနေဖြင့် ထင်ပါသလား။ သို့မဟုတ် အချို့အခွင့်အရေးကိုမ ပေးရပါမည်လဲ။ထိုပုဂ္ဂိုလ်များသည် မည်သို့သော သူများဖြစ်ပြီး ယင်းသို့ အဘယ်ကြောင့် ထင်ပါသလဲ။

ဖေါ်ပြခဲ့သည့်အတိုင်း သင့်အုပ်စုအနေဖြင့်ဆက်စပ်မှုပြုရန် အရေးကြီးသည်မှာ ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို နိုင်ငံ၏ ရှိပြီးသား ဥပဒေများ နည်းဥပဒေများနှင့် စည်းမျဉ်းဖြင့် ဖြစ်သည်။ ဤအပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဖြင့်ဥပဒေ များကို ပိုကောင်းလာစေပြီး လူများ၏ အခွင့်အရေးများကို ပို၍ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။ ယင်းစာချုပ် စာတမ်းများဖြင့် နိုင်ငံတစ်နိုင်ငံ၏ အပြုအမူများကို မကျေနပ်ကြောင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက ဖေါ်ပြနိုင်သည်။ လူတို့၏ အခြေခံ အခွင့်အရေး ချိုးဖေါက်မှုကို ရပ်တန့်သွားရန် အရေးယူ ဆောင်ရွက်၍ပင် ရနိုင်သည်။ ယင်းနှင့် ပတ်သက်၍ လက်ရှိနှင့် သမိုင်းတွင် အထောက်အထားများ ရှိပါသည်။ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်များမှာ အရေးကြီးသော စာချုပ်စာတမ်းများဖြစ်ပြီး လူများ အထူးသဖြင့် လူမှု အဖွဲ့ အစည်းတွင်းမှ ကလေးများကဲ့သို့ အန္တရာယ်ကျရောက်လွယ်သူများကို အကာအကွယ်ပေးရာတွင် အရေးပါ ပါသည်။



## လုပ်ငန်း ၄။ သတင်းစာဖြတ်ပိုင်းများ

သင်ကြားချိန်တစ်ချိန် သို့မဟုတ် ထိုထက်ပိုသည်။



အုပ်စုအား ဤလေ့ကျင့်ခန်းကိုအချိန်မရွေး မိတ်ဆက်ပေးနိုင်သည်။ စီမံချက်အစတွင်ပင် မိတ်ဆက်ပေးနိုင်ပါ သည်။ ထို့နောက် လုပ်ငန်းစုများ ဆောင်ရွက်အကောင်အထည်ဖေါ်သည့် တောက်လျှောက် ဆက်လက် လုပ်သွားနိုင်သည်။ ဥပမာ - သင့်စီမံချက်ကို ပေါင်းစပ်ရုပ်ပုံကားချပ်လုပ်ငန်းစုဖြင့် စခဲ့လျှင် ယင်းသည် ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာမည့်ကိစ္စများကို ပို၍စဉ်းစားလာစေမည် ဖြစ်သည်။ လူထုဆက်သွယ်ရေးဖြင့် လွှမ်းခြုံမှု လိုအပ်နေသည်ကို စဉ်းစားလာမည် ဖြစ်သည်။ ထို့မှစ၍ ၎င်းတို့အား လူထုဆက်သွယ်ရေး သတင်းများကိုပို၍ ရှာဖွေလာစေမည်ဖြစ်ပြီး ကလေးအလုပ်သမားနှင့် ပတ်သက်သော တိုက်ရိုက်ပတ်သက်မှု သို့မဟုတ် ဆက်စပ်နေသော တင်ပြမှုများကို မှတ်ထားလာစေမည် ဖြစ်သည်။ ၎င်းတို့၏ ဘေးပတ်လည် ကမ္ဘာကြီးတွင် မည်သည်တို့ ဖြစ်နေသည်ကို ပို၍ သတိပြုမိရန် အုပ်စုအား သင့်အနေဖြင့် တိုက်တွန်းသင့်ပြီး ထိုကိစ္စရပ်များတွင် စိတ်ဝင်စားလာစေရန် ပြုလုပ်ရမည် ဖြစ်သည်။



လေ့ကျင့်ခန်း၏ ဦးတည်ချက်မှာ စာရေးသားဖေါ်ပြသည့် လူထုဆက်သွယ်ရေးများကို ရှာဖွေစေခြင်း ဖြစ်သည်။ ဥပမာ - သတင်းစာများ၊ မျက်မှောက်မဂ္ဂဇင်းများ ဖြစ်သည်။ ကလေးအလုပ်သမား သို့မဟုတ် ဆက်နွယ်နေသောကိစ္စရပ်များနှင့် ဆောင်းပါးများကို ရှာရမည်ဖြစ်သည်။ ကလေးအလုပ်သမားများနှင့် ပတ်သက်သော အချက်အလက်များကို လူထုဆက်သွယ်ရေးတွင် အများအပြားတွေ့ရမည် မဟုတ်ပါ။ သို့သော် အုပ်စုအနေဖြင့် ၎င်းနှင့်ဆိုင်သော ဆောင်းပါးများ သို့မဟုတ် ၎င်းတို့ကတဆင့် ဖေါ်ညွှန်းသည့် အခြားဆောင်းပါးများကို လက်တွေ့ကျကျ ကြည့်ရှုလာမည် ဖြစ်သည်။ ယင်းတို့ကို ဖြတ်ယူပြီး ယင်းသတင်းဖြတ်ပိုင်းများကိုကိုယ်ပိုင်ဖိုင်ထဲ တွင် တွဲထားမည် ဖြစ်သည်။ ယင်းတို့ကို သတင်းအချက် အလက်စာရင်းထဲတွင် ထည့်သွင်းနိုင်သည်။ ယင်းတို့ကို အခြားလေ့ကျင့်ခန်းများတွင် ပြုလုပ်နိုင်သည်။

သတင်းဖြတ်ပိုင်းလေ့ကျင့်ခန်းသည် ရိုးရှင်းပါသည်။ အုပ်စုကြီးတစ်ခုလုံးဖြင့် သို့မဟုတ် အုပ်စုငယ်များဖြင့် လုပ်နိုင်ပါသည်။ အုပ်စုအတွင်း လူတိုင်းအတွက် မည်မျှ အကျိုးရှိနိုင်သည်ကို သင့်အနေဖြင့် ဆုံးဖြတ်နိုင်ပါ သည်။ အချို့ပုဂ္ဂိုလ်များအနေဖြင့် သတင်းစာနှင့် မဂ္ဂဇင်းများတွင် ရှာဖွေနေစဉ် ဘာသာရပ်နှင့် မဆိုင်သော ဆောင်းပါးတွင် နစ်မျောသွားနိုင်ပါသည်။ သတင်းစာဖတ်ခြင်းသည် လူရွယ်များ၏ အသိဉာဏ် ဗဟုသုတ တိုးပွားစေ၍ လွတ်လပ်ခွင့်ပေးနိုင်သော်လည်း ၎င်းတို့အား လက်ရှိ လုပ်ရမည့်လုပ်ငန်းများကို သတိပေးရ မည် ဖြစ်သည်။



ဤလေ့ကျင့်ခန်းကို တစ်ပတ်လျှင် တစ်ကြိမ်ထက် မပိုဘဲ လုပ်ဆောင်ပါ။
အုပ်စုအတွက် လုံလောက်သော သတင်းစာများနှင့် မဂ္ဂဇင်းများ ရှိနေစေရမည်။
၎င်းတို့စိတ်ဝင်စားနေစေရန် ဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် သတင်းစာနှင့်
မဂ္ဂဇင်းများ ယူဆောင်လာရန် ပြောပါ။ မိမိတို့အိမ် သို့မဟုတ် ဆိုင် သို့မဟုတ်
သတင်းစာ တိုက် များမှ ရက်လွန်စာစောင်များ ပေးနိုင်ပါသည်။ ဒေသတွင်းရှိ
အချို့စီးပွားရေးသမားများက ယင်းသို့ တောင်းဆို လျှင် ပေးမည် ဖြစ်ပါသည်။
ယင်းသည် ရပ်ရွာ ပူးပေါင်းမှု တိုးတက်စေပါသည်။

သတင်းဖြတ်ပိုင်း လေ့ကျင့်ခန်း ပြုသည့်အခါ ပတ်ဝန်းကျင်တွင်
အေးဆေးငြိမ်သက်မှု ရှိနေပါစေ။ အုပ်စု များနှင့် တစ်ဦးချင်းစီထံ
လှည့်ပတ်သွားနေပြီး ၎င်းတို့ရှာဖွေနေစဉ် စကားပြောပါ။ သင်ကိုယ်တိုင်
ကြိုတင် ရှာဖွေတွေ့ရှိလျှင် ၎င်းတို့နှင့် ဆက်စပ်နေသော ဆောင်းပါးများကို
အုပ်စုအား ရှာဖွေရန် ပရိယာယ်ဖြင့် ပြောရမည်။ အချင်းချင်းအုပ်စုအတွင်း
ဆွေးနွေးရန်ပြောပါ။ ၎င်းတို့အနေဖြင့် ဆောင်းပါးသည် ကလေး အလုပ်သမား
အရေးဆွေးနွေးအဖြေရှာရမည့်ကိစ္စနှင့် ပတ်သက်မှု ရှိ မရှိ ဆုံးဖြတ်ပြီး
အဘယ်ကြောင့် ဆိုသည်ကို ဆွေးနွေး ရန်လိုသည်။ ဉာဏ်ပညာနှင့်ဆိုင်သော
ဤလေ့ကျင့်ခန်းသည် ကလေးအလုပ် သမားကို ဝန်းရံနေသည့်
ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကို သေချာစွာ သိရှိနားလည်သွားစေမည်
ဖြစ်သည်။

လေ့ကျင့်ခန်းပြုလုပ်သည့်အခါတိုင်း အချိန်သိပ်မယူပါနှင့်။ ၎င်းတို့
စိတ်ဝင်စားနိုင်မှုသည် နည်း၍ဖြစ်သည်။ အထူးသဖြင့် ဆောင်းပါးများနည်းပြီး
မဆီလျော်သော ဆောင်းပါးများရှိနေလျှင် ဖြစ်သည်။ ၎င်းတို့အနေဖြင့်
အားတက်သရောဖြင့် ဆောင်းပါးများ မရှာတော့ခြင်း၊ စာရွက်များ
လှန်လှောနေခြင်းကို သတိထားမိလျှင် လေ့ကျင့်ခန်းကို ရပ်နားလိုက်ပြီး
ပြန်လည်သုံးသပ်ရန် စတင်ပါ။ ဤနောက်ဆုံးအစီအစဉ်တွင် ဆောင်းပါးကို
ဖြတ်ထားသော သူတစ်ဦးဦး သို့မဟုတ် အုပ်စုကို ဆောင်းပါးအကြောင်း
အကျဉ်းချုပ်ပြောပါစေ။ ကလေး အလုပ်သမားနှင့်မည်သို့ဆက်စပ်ကြောင်း ရှင်းပြပါစေ။ အခြားသူများအားမေးခွန်းများ မေးရန်တိုက်တွန်းပါ။
ဖြစ်နိုင်လျှင် ဆောင်းပါး၏ သက်ဆိုင်မှုကို အကျယ်တဝင့် ဆွေးနွေးပါ။
သို့မဟုတ် ပါဝင်သော အပိုင်းများကို ဆွေးနွေးပါ။ ပြန်လည်အကျဉ်းချုံးခြင်းကို
တိုတိုတုတ်တုတ်နှင့် ထိထိမိမိ ပြုလုပ်ပါ။ ဆောင်းပါး တစ်ခုတွင် စိတ်ဝင်စားမှု
နည်းလာလျှင် နောက်တစ်ခုသို့ အလျင်အမြန် ပြောင်းပါ။ ဖြတ်ပိုင်းအားလုံးကို
ပြန်သုံးသပ်ပြီးလျှင် အုပ်စုတစ်ခုချင်းစီအား အသေအချာ သိမ်းထားပါစေ။
အားလုံးအတွက် သတင်း ဖြတ်ပိုင်းဖိုင်တွဲတစ်ခုရှိရန် ထောက်ခံအကြံပြုပါသည်။
ထိုအခါ သုတေသနပြုသည့်အခါ လူတိုင်းအသုံးပြု နိုင်မည် ဖြစ်သည်။

သတင်းဖြတ်ပိုင်းများသည် အခြားလုပ်ငန်းများအတွက်လည်း အသုံးဝင်ပါသည်။
ဥပမာ - စကားရည်လု ခြင်း။ ယင်းတွင် သုတေသနသည် အရေးပါသောအခန်းမှ



ပါဝင်ပါသည်။ အုပ်စုအား သတင်းစာနှင့် မဂ္ဂဇင်း ဖတ်သည့် အလေ့အကျင့်ရှိရန် တိုက်တွန်းပါ။ အိမ်တွင် အခါအခွင့်သင့်တိုင်း ဖတ်ရန် ပြောပါ။ အကယ်၍ သတင်းများ ရရှိနိုင်လျှင် ရေဒီယို နားထောင်ပြီး ရုပ်မြင်သံကြား ကြည့်ရန် ပြောပါ။ အကယ်၍ ပြည်သူများ အနေဖြင့် တနေရာရာတွင် ဖြစ်နေသော ကလေးအလုပ်သမားကဲ့သို့ မကောင်းသောအရာများကို စိတ်မဝင်စားလျှင် ယင်းသည် ပိုဆိုးရွားလာပြီး ခေါင်းပုံဖြတ်မှု ပိုများလာမည် ဖြစ်ကြောင်း ၎င်းတို့ကို ရှင်းပြပါ။ သတင်းဖြတ်ပိုင်းလေ့ကျင့်ခန်းသည် ရိုးရှင်းပါသည်။ ငွေကြေးလည်း မကုန်ပါ။ သို့သော် ၎င်းတို့၏ ကမ္ဘာ့ ပတ်ဝန်းကျင်တွင် မည်သည်တို့ ဖြစ်နေသည်ကို လူရွယ်များ စိတ်ဝင်စားမှု တိုးပွားလာစေသည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလေ့ကျင့်ခန်းကို စာသင်ကျောင်းတွင် ပြုလုပ်နေလျှင် သင့်အနေဖြင့် အခြားကျောင်းသင် ဘာသာရပ်ဖြင့် ပေါင်းစပ်နိုင်ပါသည်။ ဥပမာ - ကျောင်းသင်ရိုးတွင် လူထုဆက်သွယ်ရေး ပါခဲ့လျှင် ထိုဘာသာသင်သော ဆရာထံချဉ်းကပ်ပြီး ၎င်းအား သတင်းဖြတ်ပိုင်း လေ့ကျင့်ခန်း ကို အုပ်စုထဲတွင် ထည့်သွင်း၍ ဖြစ်နိုင်မှု ရှိ မရှိ မေးနိုင်သည်။ ထိုဆရာမက မဖြစ်နိုင်ပြောလျှင် အခြားဆက်နွယ်သည့်ဘာသာရပ်သင် ဆရာ/ဆရာမကို ချဉ်းကပ်နိုင်ပါသည်။

## လုပ်ငန်းစု ၅။ သုတေသန

သင်ကြားချိန် ၂နစ်ချိန်။ ကြားတွင် တာဝန်ပေးထားသောအလုပ်များ ဆောင်ရွက်ရန်အချိန်များရှိသည်။



ဤလုပ်ငန်းစုအရှေ့ပိုင်းတွင် သင်ပြောရသည့်အချိန်က များခဲ့ပါသည်။ ယခုအချိန်တွင် အုပ်စုအနေဖြင့် ၎င်းတို့အလုပ်များ လုပ်ရမည့်အချိန်ဖြစ်ပါသည်။ ၎င်းတို့ကိုပြောသည့်အချိန်များသည့် အန္တရာယ်ကိုသင် သတိထားရမည်ဖြစ်သည်။ ဤသို့မဖြစ်ရန် မိမိကိုယ်ကို သတိထားရမည်ဖြစ်သည်။

ကမ္ဘာနှင့်အပှမ်း ကလေးအလုပ်သမားပပျောက်ရေး လှုပ်ရှားမှုနှင့်ပတ်သက်သောအပိုင်းကို အုပ်စုအနေဖြင့် သင်ယူမှတ်သားရာတွင် ကုလသမဂ္ဂ နှင့် အိုင်အယ်လ်အို သဘောတူစာချုပ်များသည် အရေးကြီးပြီး အခြေခံကျပါသည်။ သဘာတူစာချုပ်များသည်စီမံချက်ကို အခြေအနေတစ်ရပ်အတွင်းထည့်သွင်းလိုက်ပါ သည်။ အဘယ်ကြောင့် ဤလုပ်ငန်းဆောင်ရွက်ရသည်ဆိုသည်ကို ပိုနားလည်သဘောပေါက်စေပါသည်။ မည်သို့ဆိုစေ ယင်းကိစ္စနှင့် ပတ်သက်သော အခြားအဖိုးတန်သည့် သတင်းအချက်အလက် တစ်ခု

ရှိနေပါ သည်။ ယင်းသည် ၎င်းတို့၏တာဂန်နှင့် တာဂန်ပေးထားသော လုပ်ငန်းများဆောင်ရွက်မှုကိုပို၍ပုံကျစွာဖြင့် သုတေသနပြုစေနိုင်သည်။ ကလေးအလုပ်သမားနှင့်ဆိုင်သော စရွက်စတန်းများနှင့် ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်နင့် အခြားအဖွဲ့အစည်းများမှ သင်ရရှိပြီး ဖြစ်မည် ဖြစ်သည်။ သုတေသနပြုပရန်ကိုးကားရမည့်စာအုပ်စာရွက် စာတန်းများရှာရန် စာကြည့်တိုက်မှ ရရှိမည့်အထောက်အပံ့များလည်း သင်စာရင်းပြုစုပြီးဖြစ်မည်။၎င်းတို့ကိုအုပ်စုအားရရှိပါစေ။ သင့်အနေဖြင့် အင်တာနက်သုံး၍ရနိုင်မည်ဖြစ်ပါသည်။ အလုပ်သမားသမဂ္ဂများနှင့်အစိုးရမဟုတ်သော အဖွဲ့များမှ  သတင်း အချက အလက်များ ရရှိပြီးဖြစ်မည်ဖြစ်သည်။ ရရှိသသမျှ အရင်းအမြစ်များကို အပြည့်အဝ အသုံးပြုပါ။

၎င်းတို့ကိုယ်တိုင် သုတေသနပြုရန် မည်သည်တို့ကို တာဝန်ပေးရမည်ကို စဉ်းစားပါ။ ၎င်းတို့အား ကိုးကား ရန် စာရွက်စာတမ်းနှင့်ပစ္စည်းများပေးပါ။ ၎င်းတို့အလုပ်တွင် အသုံးဝင်မည့်ဝက်ဘ်ဆိုဒ်များ များလည်းပေးပါ။ (အကုန်မပေးရပါ။ သုတေသန လုပ်သည့် အစိတ်အပိုင်းအဖြစ် ၎င်းတို့ကိုယ်တိုင်ရှာဖွေရဦးမည် ဖြစ်သည်)။ လိုအပ်လျှင် ဘာသာရပ်အလိုက် အင်တာနက်ချိတ်ဆက်ပုံကို လေ့ကျင့် သင်ကြားပေးပါ။ ယင်းကို စာကြည့်တိုက်မှူး သို့မဟုတ် ကွန်ပျူတာ ဆရာဆရာမက သင်ကြားပေးနိုင်ပါ သည်။ အကယ်၍ သင်သည် စာသင် ကျောင်းတွင် ဆောင်ရွက်နေလျှင် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်ကို ရှာဖွေခြင်း

အဖွဲ့အား နှစ်ဦး သို့မဟုတ် ၄ ဦးထက်မပိုသော အဖွဲ့ငယ်လေးများ ဖွဲ့ပါ။ ၎င်းတို့လုပ်ရမည်မှာ ဝက်ဘ်ဆိုဒ် အချို့ကို ရှာဖွေရန် ဖြစ်သည်။ တစ်ဖွဲ့လျှင် သုံးခုဆိုပါစို့။ ယင်းသည် ကလေးအလုပ်သမားနှင့် ဆိုင်ရမည်။ ဝက်ဘ်ဆိုဒ်တွင်ပါသော အကြောင်းအချက်များကိုလည်း အကျဉ်းချုပ်ဖေါ်ပြရမည်။ မည်သည့်အဖွဲ့က ဆောင်ရွက်နေသည်၊ မည်သည့်အလုပ်များဖြစ်သည် အစရှိသည်တို့ဖြစ်သည်။ ယင်းသို့ရေးနိုင်ရန် ဝက်ဘ် ဆိုဒ်ကို သေချာစွာဖတ်ရှုရမည်ဖြစ်သည်။ တွေ့ရှိချက်ကို တစ်ဖွဲ့ချင်းရေးပြီးတင်ပြစေရမည်။ တစ်ဖွဲ့ချင်းစီက ၎င်းကိုတင်ပြချက်များထဲမှ တစ်ခုစီကိုဖတ်ပြစေခြင်းဖြင့် ပြန်လည်အကျဉ်းချုံးမှုကိုသင့်အနေဖြင့် ပြုလုပ်နိုင် သည်။ အုပ်စုတစ်စု သို့မဟုတ် တစ်ဦးအား (အမြဲတမ်း ဒီမိုကရေစီနည်းဖြင့် ရွေးပါ။) တင်ပြချက်များကို မှတ်တမ်းတစ်ခုအဖြစ် ရေးစေရမည်။ ထို့နောက် သုတေသနတစ်ခု၏ ရလာဒ်အဖြစ် မိတ္တူ ကူးပြီး လူတိုင်းကို ပေးနိုင်သည်။

## စုပေါင်းအချက်အလက်

အုပ်စုငယ်လေးများ သို့မဟုတ် တစ်ဦးချင်းစီကို ၎င်းတို့ကိုယ်ပိုင် စုပေါင်းအချက်အလက်များရေးရန် တာဝန် ပေးပါ။ ဝက်ဘ်ဆိုဒ်မှ ရရှိသော သတင်းအချက်အလက်များပေါ် အခြေခံ၍ ဖြစ်စေ ကိုးကားစာအုပ်စာတမ်းကို အခြေခံ၍ ဖြစ်စေ ရေးစေရမည်။အချက်အလက်စုဆောင်းရေးသားရာတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံ အချက်အလက် ၁ဂ ချက် ပါဝင်ရမည်။ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဆောင်ရွက်သည့် လုပ်ငန်းများ သို့မဟုတ်

သက်ဆိုင်သော စာရင်းအင်းများ ထည့်သွင်းရမည်။ သတင်းအချက်အလက် ရရှိသည့်ပေါ်အခြေခံပြီး အဖွဲ့တစ်ချင်းစီသည် အချက်အလက် စုပေါင်းရရှိခြင်းနှင့် မှတ်စုတို့ကို ရေးစေရန် မှာ အရေးကြီးပါသည်။ ပြန်လည်အကျဉ်းချုံးသည့်အချိန်တွင် အဖွဲ့တစ်ဖွဲ့ချင်း သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့ရေးထားသည့် အချက်အလက်စုပေါင်းစာတမ်းထဲမှတစ်ခု သို့မဟုတ် နှစ်ခုကို အဖွဲ့တစ်ခုလုံးအား ဖတ်ပြစေရပါမည်။ တွေ့ရှိချက်များကို စုပေါင်းပြီး မှတ်တမ်းတစ်ခုအနေဖြင့် ပြုစုကာ အားလုံးကို ဝေပေးရပါမည်။

ကလေး အလုပ်သမားနှင့် ပတ်သက်သော နောက်ခံ သတင်းအချက်အလက်များကို ထပ်မံရှာဖွေရန် ဖေါ်ပြပါ ပုံစံ အတိုင်း ဆက်လက်လေ့လာရေးသားရန် တိုက်တွန်း ရပါမည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

စီမံချက်အတွင်း တာဝန်ပေးခဲ့သော လုပ်ငန်းများအပေါ် အမှတ်ပေးခြင်း မပြုရန် အလွန် အရေးကြီးပါသည်။ တစ်ဦး၏ အလုပ်ကို နောက်တစ်ဦးဖြင့် နှိုင်းယှဉ်ခြင်း မပြုရပါ။ ယင်းတို့မှာ စာမေးပွဲမဟုတ်ပါ။ ၎င်းတို့မှာ တစ်ဦးချင်း တာဝန်ယူစိတ်တိုးပွားလာစေရန် ကြိုးပမ်းခြင်း သာဖြစ်သည်။ စီမံချက်သည် မိမိတို့အပိုင်လုပ်ငန်း ဖြစ်သည်ဆိုသည့် စိတ်မျိုးလူရွယ်များတွင် ဖြစ်ပေါ်လာစေရန် အဓိကကျသည်။ ဤလုပ်ငန်းစုများ အောင်မြင်စေရန် ကိုယ့်ကိုယ်ကိုယုံကြည်မှု တည်ဆောက်ခြင်းနှင့် ပြောဆိုဆက်သွယ်တတ်ရန်တို့မှာ အဓိက ကျ ပါသည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ



- ဤလုပ်ငန်းစု အစီအစဉ်တိုင်းတွင်လူတိုင်း ပါဝင်မှု ရှိပါစေ။
- သင်ခန်းစာ တဆက်တည်း ဆောင်ရွက်နိုင်ရန် အုပ်စုအတွင်း ဟာသနှင့် ရင်းနှီးကြည်စယ် နောက်ပြောခြင်းများကို သုံးပါ။
- အုပ်စုတစ်ခုစီတွင် လူတိုင်းမှတ်စုရေးထားရန် တိုက်တွန်းပါ။ အုပ်စုဆွေးနွေးပွဲမှ ထွက်လာသော အဓိက အချက်များကို မှတ်ထားသည့်မှတ်တမ်းရေးသူအဖြစ် ဆောင်ရွက်စေရပါမည်။ ယင်းသည် လူရွယ်များအတွက် အသုံးဝင်သော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတစ်ခု ဖြစ်စေပါသည်။ ယင်းသည် ၎င်းတို့ စာသင်ကြားရာတွင် လွန်စွာ အသုံးဝင်စေပါသည်။
- အုပ်စုနှင့် တစ်ဦးချင်းတင်ပြသောအဓိကအချက်များကို သင့်အနေဖြင့်လိုက်မှတ်ထားပါ။ ယင်းသည် ဆွေးနွေးချက်များ၏ အဓိကအပိုင်းများကို ရေးရာတွင် သင့်အတွက် အသုံးဝင်စေပါ သည်။ အ ြ ပည်ပြည်ဆိုင်ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ် အနေဖြင့် ယင်းမှတ်တမ်းများကို ကြိုဆိုပါသည်။ လုပ်ငန်းစုများကို ခေတ်နှင့် လိုက်ဖက်ရန် ပြုပြင်ရာတွင် အသုံးဝင်ပြီး လူရွယ်များ၏ စိတ်ဝင်စားမှု နယ်ပယ်ကို ရှာဖွေရာတွင် အသုံးဝင်ပါသည်။



- ဤလုပ်ငန်းစုတွင် ပါဝင်သော တာဝန်ပေးချက်များကို ပြိုင်ဆိုင်မှု မပြုလုပ်ရပါ။ အုပ်စုအတွင်းနှင့် တစ်ဦးချင်း သွေးကွဲမသွားစေရန် ဖြစ်သည်။အချင်းချင်း ခိုင်မြဲစွာနှင့်ယုံကြည်မှုရှိစွာ ဆက်ဆံလာရေး မှာ အရေးကြီးပါသည်။ ယင်းလုပ်ငန်းစဉ်ကို လျော့မတွက်ပါနှင့်။
- သင့်အနေဖြင့် ၎င်းတို့ ရေးထားသော အချက်များ အားလုံးကို ဖတ်၍ ထုတ်နုတ်မှု ပြုရပါမည်။ ပို၍ ဆီလျော်သည် ကောင်းသည်ဟုထင်သော မှတ်စုများကိုသာ ရွေးမဖတ်ရပါ။ လူတိုင်း၏ အလုပ် နှင့် ထင်မြင်ချက်တို့ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ၎င်းတို့ကို မျှမျှတတ ကြည့်ရမည် ဖြစ်ပြီး အကဲဖြတ်ဆုံးဖြတ်ချခြင်း မပြုရပါ။
- အုပ်စုအား လွတ်လပ်စွာနှင့် ပွင့်လင်းစွာ ဖေါ်ပြနိုင်ရန် နောက်ဆုံး ဆွေးနွေးခြင်း ပြုလုပ်ပါ။ ယင်းတို့ သည် အတော်အတန် အားစိုက်ရပါသည်။ အုပ်စုအား ၎င်းတို့ မျိုသိပ်ထားသည်များ ပွင့်ထွက်လာ စေရန် အခွင့်အလမ်းများ အများအပြား ပေးရပါမည်။

# အပြီးသတ်ဆွေးနွေးခြင်း

သင်ကြားချိန် တစ်ချိန်



သင်နှင့်အတူ ဆောင်ရွက်နေသော လူငယ်များ၏ သဘောသဘာဝပေါ်မူတည်၍ လွတ်လပ်စွာ ရွေးချယ် ပိုင်ခွင့် နှင့် ပတ်သက်သော အခြေခံ ဆွေးနွေးအဖြေရှာရမည့်ကိစ္စများကို ဆွေးနွေးခြင်းသည် စိတ်ဝင်စားဖွယ် ကောင်းပြီး သိရှိရမည့် သတင်းများ ပါရှိပါသည်။ ဤလုပ်ငန်းစုအတွက်လည်း ပြန်လည် အကျဉ်းချုံး ပြောပြရန်ကောင်းပါသည်။ နိုင်ငံအများအပြားတွင် လူရွယ်များသည် ပုံစံတမျိုးမဟုတ် တမျိုးဖြင့် အလုပ်လုပ် ကြပါ သည်။ ၎င်းတို့အလုပ်တွင် အိမ်မှုကိစ္စများ လုပ်ဆောင်ခြင်း၊ မိသားစုလယ်ယာတွင် သို့မဟုတ် မိသားစုစီးပွားရေးတွင်အကူအညီပေးခြင်း၊ အသေးသုံး သုံးနိုင်ရန်အတွက် ညနေပိုင်းများ သို့မဟုတ်စနေ တနင်္ဂနွေနေ့များ တွင် အချိန်ပိုင်းအလုပ်များလုပ်ခြင်း သို့မဟုတ် မိသားစုအတွက် အထောက်အပံ့ရရန် အလုပ် လုပ်ခြင်းတို့ ပါဝင်နိုင်ပါသည်။ သင့်အုပ်စုအတွင်းမှ တစ်ဦးချင်း နောက်ခံအကြောင်း သိထားရန် အလွန်အရေးကြီး ပါသည်။

ကျောင်းချိန်ပြင်ပ သို့မဟုတ် စီမံချက်လုပ်ငန်းပြင်ပအချိန်တွင် ၎င်းတို့ ဘာလုပ်ကိုင်ကြသည်ကို ဆွေးနွေးရန် အုပ်စုအား တိုက်တွန်းပါ။ အားကစား ပြုလုပ်ပါသလား။ မည်သည့်အားကစားပါလဲ။ အားကစားတွင် တော်ပါသလား။ အခြားဝါသနာနှင့် အပန်းဖြေလုပ်ငန်းများ ရှိပါသလား။ အသင်းအဖွဲ့ဝင်များ ဖြစ်ပါသလား။ စာဖတ်ဝါသနာပါသလား။ ယင်းကဲ့သို့ လုပ်ငန်းများကို ပေါ့ပေါ့ပါးပါးဖြင့် ဆွေးနွေးဖေါ်ထုတ်ပါစေ။ ယင်းသည် ၎င်းတို့အား နေသားတကျ ဖြစ်စေပြီး ပြန်လည်အကျဉ်းချုံးခြင်းအတွက် ပတ်ဝန်းကျင်ကောင်း တစ်ခု ဖြစ်လာစေနိုင်ပါသည်။

၎င်းတို့၏ဘဝနှင့် ပါဂင်ခဲ့သောလုပ်ငန်းများ ပြောသည့်အခါ ၎င်းတို့ဘဝနှင့် ကလေးအလုပ်သမားများဘဝ မတူညခားနားသည်ကို စတင်မှတ်ချက်ပေး သွပ်သွင်းနိုင်ပါသည်။ သင့်အုပ်စုတွင်းမှ တစ်ဦးချင်းအနေဖြင့် ၎င်းတို့ဘဝကို ကျေနပ်ပျော်ရွှင်ကြပေမည်။ အားကစားလုပ်ဂင်း၊ ဂါသနာပါရာလုပ်ရင်း၊ ကျောင်းတက်ရင်း သူငယ်ချင်းများဖြင့် ပေါင်းသင်းရင်း၊ နေထိုင်ခြင်းဖြင့် ပျော်ကြမည်ဖြစ်သည်။ ၎င်းတို့သည် ကြီးပျင်းလာမှုကိုကျေတပ်နေပြီး ဘဝအခြေအနေအမျိုးမျိုးမှ သင်ယူတတ်မြောက်မှုကို နှစ်ခြိုက်ကြပေမည်။ အုပ်စုအတွင်း၊ ရပ်ပရွာလူမှုအဖွဲ့အစည်းအတွင်း အဖွဲ့ဂင်

တစ်ယောက်အဖြစ်နေထိုင်ရမည်ကို သင်ယူရခြင်း မျိုးဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကမ္ဘာ့နိုင်ငံသားများဖြစ်သည်ဆိုသည်ကို သင်ယူတတ်မြောက်လာ သည်။

ယင်းကဲ့သို့သော ဘဝပျော်ရွှင်မှုမျိုးကို ကလေးအလုပ်သမားများမရရှိကြောင်း အလေးပေး ပြောကြားပါ။ ၎င်းတို့ဘဝတွင်မရရှသည်များကို အခြားကလေးများရရှိခြင်းကို "ကလေးဘဝဆုံးရှုံးခြင်း" သို့မဟုတ် "ပျောက်ဆုံးသွားသောအိပ်မက်များ" ဟု မကြာခဏ ပြောဆိုကြပါသည်။ ကလေးအလုပ်သမားများတွင် စိတ်လက်ပေါ့ပါးသောအချိန်များရှိနိုင်ပါသည်။ သို့သော်၎င်းတို့၏အလုပ်အချိန်အတွင်း၌သာဖြစ်သည်။ အုပ်စုအား ကလေးအလုပ်သမားများနှင့် သူတို့ကြား မည်သည့်အခြေခံကွာခြားချက်များကို တွေ့ရသနည်းဟုမေးပါ။ အနည်းဆုံးတစ်ဦးက "လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်" ဟု ပြောကောင်း ပြောမည်ဖြစ်သည်။

သင့်အုပ်စု တစ်စု စု သည် အလုပ်လုပ်သည်ဆိုလျှင် ယင်းသည် ရွေးချယ်မှုတစ်ခုဖြစ်ပါမည်။ မိဘများ ကပြော၍၊ မိသားစု ၊ ပုဂ္ဂိုလ်ရေးလိုအပ်ချက်၊ စီးပွားရေးအခြေအနေများကြောင့် ဖြစ်နိုင်ပါသည်။ သို့သော်ထိုသို့ လုပ်ခြင်းသည် ၎င်းတို့၏ရွေးချယ်မှု ဖြစ်ပြီး မည်သူမျှ ထိုသို့ပြုလုပ်ရန် ဖိအားပေး ပြောဆိုခြင်း ရှိမည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် မိသားစု နှင့် အတူနေကြ၍ဖြစ်သည်။ စာသင်ခွင့်ရကြသည်။ ကစားချိန်ရကြပြီး ကလေးဘဝ ပျော်ရွှင်စရာများကို အလုပ်လုပ်ရင်း ရရှိကြသည်။ ကလေးအလုပ်သမား များအနေဖြင့် ထိုအရာများမရရှိကြပါ။

ဤဆွေးနွေးခြင်း၏ နောက်ဆက်တွဲအဖြစ် အုပ်စုအား ၎င်းတို့နိုင်ငံတွင်ရှိသော ၎င်းတို့၏ အခွင့်အရေးများ မှာ ဘာဖြစ်သည်ကို သိရှိခြင်းရှိမရှိ သိရန်လုပ်ရမည်ဖြစ်သည်။ နိုင်ငံအမျိုးမျိုးတွင် လူငယ်များ၏ စာသင်ကျောင်းများနှင့် အလုပ်ကမ္ဘာပေါ်ထားရှိသည့် ၎င်းတို့ သဘောထားများကို စူးစမ်း လေ့လာမှု များပြုလုပ်ပြီး ရှိ နိုင်ပါသည်။ ဤဆွေးနွေးမှုသည် ဤလုပ်ငန်းစု အဆုံးသတ်ရာတွင် ခိုင်မာသည့် မှတ်ချက် ပေးစေနိုင်ပါသည်။

ဤအပိုင်းကို တွေးတောကြံစသည့်ပုံးစံဖြင့် ပြုလုပ်ပါ။ အုပ်စုအနေဖြင့် ၎င်းတို့အခွင့်အရေးများအကြောင်း ဘာသိထားသည်ကိုမေးပါ။ဖြေများကို စာရွက်ကြီးသို့မဟုတ် ကျောက်သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။ အများဆုံးဒုလုပ်ရသည့်အလုပ်ချိန်နာရီ၊ အသက်ကန့်သတ်ချက်၊ အနိမ့်ဆုံးရသည့်လုပ်ခ၊ နံက်စော စောနှင့် ညဘက်လုပ်ရသည့်အလုပ်၊ အနားရချိန်များနှင့် အလုပ်ရှင်များ၏တာဝန်များကိုမေးပါ။ ကလေးများ၏ အခွင့်အရေးများအကြောင်းပြောဆိုခြင်း နှင့်ကမ္ဘာအနှံ့လူငယ်များကို ထောက်ပံ့ရန် အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်ကစာရင်းပြုစုနေချိန်တွင် နိုင်ငံများနှင့်ဒေသတွင်းမှ လူငယ်များ ၎င်းတို့၏အခွင့်အရေးများကို



## အသုံးပြုမည့်သူအတွက် မှတ်စု

နိုင်ငံတော် အလုပ်သမားဥပဒေတွင် ဖေါ်ပြထားသည့် လူငယ်များ၏ အခွင့်အရေးများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရှာဖွေနိုင်သည့် နေရာမှာ ကုန်သွယ်မှုနှင့် လုပ်ငန်းဌာနများ၊ အလုပ်သမားဝန်ကြီးဌာနများနှင့် အလုပ်သမားသမဂ္ဂ များ ဖြစ်သည်။ ယင်းဌာနများမှတာဝန်ခံများဖြင့် ဆက်သွယ်၍ မည်သည့် ပစ္စည်းများရ ရှိနိုင်ကြောင်းမေးပါ။ လူငယ်များပထမဆုံး အကြိမ် အလုပ်ဈေးကွက် ဝင်ရောက်နိုင်ရန် အထောက်အကူ ဖြစ်စေမည့် ပိုစတာများ၊ စာအုပ်များ ကို ထုတ်ဝေထားခြင်းများရှိနိုင်ပါသည်။ လူငယ်လေးများ၎င်းတို့၏ အခွင့်အရေး များသိထားမှုမည်မျှနည်းနေသည် နှင့် ၎င်းတို့စိတ်ဝင်စားမှုများကို ကာကွယ်ရန် ၎င်းတို့ မည်မျှတွန့်ဆုတ်နေသည်မှာ အံ့သြဘွယ်ရာဖြစ်သည်။

နားလည်သဘောပေါက်မှုရှိ ရန်မှာအရေးကြီးပါသည်။ ယင်းသည်စာသင်ကြားခြင်း၏အစိပ်အပိုင်းဖြစ်ပြီး သင့်အနေဖြင့် ဤနယ်ပါယ်ကို ဤလုပ်ငန်းစုဆောင်ရွက်အကောင်အထည် မဖော်မီသုတေသနပြုလုပ်ထားသင့်ပါသည်။အခြေခံအချက်အလက်များအလွယ်တကူရှိနေစေသင့်ပါ သည်။

သင့်အနေဖြင့် ပစ္စည်းများရလျှင် အုပ်စုကိုဖြန့်ဝေပါ။ အခန်းတွင်းချိတ်ဆွဲရန် အကောင်းဆုံးနေရာကို ရွေးပါ။ ၎င်းးတို့ကိုဖတ်ရန် အုပ်စုကို တိုက်တွန်းပါ။ လူရွယ်များအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို သိရှိရန် လိုပြီးထိုအခွင့်အရေးများကိုတောင်းဆိုရန်မကြောက်လန့်သင့်ပါ။ ယင်းမှာ၎င်းးတို့နှင့်ကလေးအလုပ် သမား များကြားကွာခြားချက်ပင်ဖြစ်သည်။ ကလေးအလုပ်သမားများသည် ၎င်းတို့အခွင့်အရေးများကို အများအားဖြင့် ဂရုမစိုက်ကြပေ။ ၎င်းတို့သည် စာရေးစာဖတ်မတတ်ဘဲမည်သူမျှ၎င်းတို့၏အခွင့်အရေးများကို မပြောပြ ကြပါ။ တစ်ခါတစ်ရံအလုပ်ရှင်များနှင့် ကလေးအလုပ်သမားများ ယှဉ်တွဲလုပ်ကိုင်နေသူများသည် ကလေးများကို အလုပ်ခန့်ထားခိုင်းစေခြင်းသည် ဥပဒေနှင့်မညီဆိုသည်ကိုမသိကြပါ။ ဤသို့အမြဲဖြစ်နေသည်။ ထို့ကြောင့်အဘယ်ကြောင့်ခြားနား ရမည်နည်း။ ဤအချက်နှင့်ပတ်သက်၍ လက်တွဲလုပ်ကိုင်သူအားလုံး ကို ပညာပေးရန် အဓိကကျသည်။ ကလေးမိဘများ၊ အလုပ်ရှင်များနှင့် အာဏာရှိသူများ အပါအဝင်ဖြစ်သည်။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း



ရလာဒ်များ တိတိကျကျ ပေါ်ထွက်မှုရှိပါသည်။ တာဝန်ပေးထားသောအလုပ်များမှ ရလဒ်များ ပေါ်ထွက်လာခြင်းနှင့် အထောက်အပံ့ပေးရာတွင် အုပ်စုများပါဝင်မှုရှိခြင်းနှင့် ပြင်ပပုဂ္ဂိုလ်များသင်တန်းပေး ခြင်းများဖြစ်သည်။ ယင်းတို့ကို အချိန်အတိုအတွင်း တိုင်းတာရန် မလွယ်ပါ။ နောက်ပိုင်းလုပ်ငန်းစုများတွင် တစ်ဦးချင်း တိုးတက် မှုများ ရှိလာမှသိနိုင်သည်။ ထိုအခါမှ ဤလုပ်ငန်းစု၏ အောင်မြင်မှုကို သိလာမည်ဖြစ်သည်။

ဤလုပ်ငန်းစုသည် နောက်ပိုင်း လုပ်ငန်းစုများအတွက် ထိရောက်သောအခြေခံဖြစ်သည်။ ယင်းသည် အရေးကြီးသောသင်ယူမှုဖြစ်စဉ်တစ်ခုဖြစ်သည်။ ကလေးအလုပ်သမားနှင့် ပတ်သက်သော နောက်ခံ သမိုင်းအသိဉာဏ်ဗဟုသုတ အုပ်စုတွင်းတိုးပွားလာစေသည်။ ဤသို့မသျှထားလျှင် ဤစီမံချက်ကို ဆက်လက်အကောင်အထည်နိုင်ရေးဆက်လက် ဆောက်ရွက်ရန် ခက်ခဲမည်ဖြစ်သည်။ ယင်းသည် ခက်ခဲမည်ဖြစ်သော်လည်း ဆက်လက်

လုပ်ဆောင်ပါ။ အချိန်ကြာမြင့်စွာမလုပ်ပါနှင့်။ စိတ်လက်ပေါ့ပါး မှုရှိစေရန်လုပ်ရန် မမေ့ပါနှင့်။

ဤလုပ်ငန်းစုပြီးဆုံးလျှင် တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းစု ကိုစတင်နိုင်ပါသည်။ ဤ လုပ်ငန်းစုနှစ်ခုပေါင်းပြီး လူရွယ်များအား အသိတရား ပို မို ရှိလာစေခြင်းနှင့် လူမှုအဖွဲ့အစည်း ပြောင်းလဲမှု အတွင်ကိုယစားလှယ အဖြစ်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍ ပိုမို မြင့်မားလာရန် တောင်ရွက်နိုင်ပါသည်။

# Annex 1

## Web sites with information on child labour

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| International Programme on the Elimination of Child Labour (IPEC) | www.ilo.org/public/english/standards/ipec/ | Since the early 90s, the International Labour Organization (ILO) has mounted a major offensive against child labour through its IPEC programme by assisting member States in the implementation of national policy and programmes to solve child labour problems. |
| United Nations Children's Fund (UNICEF) | www.unicef.org | UNICEF is the UN body dealing with child-related issues. Child labour features prominently among its activities. It co-operates closely with IPEC. |
| Anti-Slavery Society | www.anti-slaverysociety.org | A concerned NGO which has a series of pages hosted on the geocities network. It provides student and teacher resources and related links. |
| Global March Against Child Labour | www.globalmarch.org | The Web Site of the official organizers of the 1998 Global March. It contains details of the march itself world-wide, background information on child labour and links to concerned organizations. |
| International Federation of Building and Woodworkers (IFBWW) | www.ifbww.org | International trade union organization running a campaign to eliminate child labour from the global construction industry. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| Education International (EI) | www.ei-ie.org | International trade union organization for teachers which targets teachers in an anti-child labour campaign, specifically in terms of producing teaching materials. |
| Union Network International (UNI) | www.union-network.org | International trade union organization for the services sector which runs an anti-child labour campaign primarily in the commerce sector world-wide. |
| International Confederation of Free Trade Unions (ICFTU) | www.icftu.org | International trade union organization for union centres which co-ordinates the international trade union campaign for the elimination of child labour. |
| International Union of Food, Agricultural, Hotel, Restaurant, Catering, Tobacco and Allied Workers' Associations (IUF) | www.iuf.org | International trade union organization that conducts its campaign primarily in a field of significant exploitation: plantation and agricultural workers. |
| Public Services International (PSI) | www.world-psi.org | International trade union organization for public sector workers currently conducting a campaign to prevent the use of surgical instruments made by children in public hospitals. |
| Free The Children | www.freethechildren.org | Registered US charity with programmes and activities to reduce poverty and exploitation of children throughout the world. |
| One World | www.oneworld.net | One World is an online community of over 250 like-minded organizations concerned about social justice and humanitarian issues – child rights and labour figure prominently. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| Amnesty International | www.amnesty.org | International organization for the protection of human rights world-wide. |
| Child Rights Information Network | www.crin.org | A global network of organizations sharing experiences and information on children's rights. |
| World Alliance of YMCAs | www.ymca.int | The World YMCA movement is concerned at the global exploitation of children in any form and its national societies are engaged in activities to combat this development. |
| Pan-Pacific & South-East Asia Women's Association International | www.ppseawa.org | An international women's association engaged in activities to promote peace and understanding among women in this region. Resources are also devoted to women and children's welfare. |
| Sweatshop Watch | www.sweatshopwatch.org | Sweatshop Watch is a coalition of like-minded organizations and individuals committed to eliminating exploitation in sweatshops. Their work includes public education, public policy advocacy and coalition-building. |
| Casa Alianza – Covenant House Latin America | www.casa-alianza.org | NGO dedicated to the rehabilitation and defence of street children in Guatemala, Honduras and Mexico. It is the Latin American branch of the US-based Covenant House. |
| Alberta Sports, Pakistan | www.alberta-sports.com | Football manufacturer based in Sialkot, Pakistan, which is part of the ILO programme to eliminate child labour from this industry. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| New Concept Information Systems | www.newconceptinfo.com | Group of professionals in India that offers research and publishing services in several areas of social development, including child labour. |
| Defence for Children International (DCI) | www.defence-for-children.org | NGO promoting and protecting rights of the child. DCI branches exist throughout the world. |
| CAFOD | www.cafod.org.uk | CAFOD is the official relief and development agency of the Catholic Church in England & Wales. It runs a major campaign for child labour in the garment manufacture industry. |
| GreenNet | www.gn.apc.org | GreenNet is part of a global computer network specifically designed for environment, peace, human rights and development groups. 200 members have sites on GreenNet. |
| The World Bank Group | www.worldbank.org | The web site for the World Bank and related development/finance institutions |
| Essential Information | www.essential.org | Essential Information is a network of like-minded organizations focusing on development and humanitarian issues. |
| Agência de Notícia dos Direitos da Infância (ANDI) | www.andi.org.br | Brazilian news agency on children’s rights issues. |
| Labors of Love Project | www.childlabor.org | NGO sharing information about child labour with the aim of persuading people to work more effectively together to end the practice while encouraging appropriate training and education for children. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| Children's House | www.child-abuse.com/childhouse/ | An interactive resource centre for the exchange of information that serves the well-being of children. |
| Christian Aid | www.christian-aid.org.uk | Official agency of 40 church denominations in the UK and Ireland. It seeks to combat the root causes of poverty. |
| Co-op America | www.coopamerica.org | US NGO aims to provide economic strategies, organising power and practical tools for businesses and individuals to address social and environmental problems. |
| ChangeNet | www.changenet.sk | Virtual community for Slovak NGOs exchanging information and resources. |
| Terre des Hommes | www.tdh-geneve.ch | Swiss development cooperation NGO which acted as the Global March co-ordinator for the final events in Geneva. |
| Environmental Development Action in the Third World (enda) | www.enda.sn | International NGO based in Dakar, Senegal, concerned with sustainable development in Third World countries. |
| Save The Children | www.oneworld.org/scf/ | UK's leading international children's charity. |
| ACTIONAID | www.actionaid.org | Leading development charity working directly with three million of the world's poorest people in Africa, Asia and Latin America, helping them in their fight against poverty. |
| Action for Solidarity, Equality, Environment and Development (ASEED) | www.antenna.nl | Global youth network focusing on issues of environment and development. |

| Name of Organization | Web Site Address | Brief Profile |
| --- | --- | --- |
| Corporate Watch | www.corpwatch.org | On-line magazine and resource centre covering corporate accountability, globalisation, social and environmental justice. |
| Child Workers in Asia | www.cwa.tnet.co.th | CWA is a network of NGOs and individuals involved in the anti-child labour movement in various countries in Asia. It currently has links with NGOs in Pakistan, Bangladesh, Nepal, India, Laos, Vietnam, Cambodia, Thailand, Malaysia, Indonesia, Philippines and Hong Kong. |
| Council of Europe | www.coe.int | This site includes texts from recommendations, resolutions and press releases of the Council of Europe on its commitment to combat child labour. |
| Global Exchange | www.globalexchange.org | Global Exchange is a non-profit research, education and action centre dedicated to advocating and working for political, economic and social justice on a global scale. It aims to increase global awareness among the US public and move them to action while building international and domestic partnerships around the world. |
| Department for International Development (DFID) | www.dfid.gov.uk | UK government department dealing with developmental issues, including child labour. |
| United States Agency for International Development (USAID) | www.usaid.gov | USAID is the independent US government agency that provides economic development and humanitarian assistance to advance US economic and political interests overseas. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| Department of Labor, US Government | www.dol.gov | The US Department of Labor is charged with preparing the American workforce for new and better jobs, and ensuring the adequacy of America's work places. |
| The RUGMARK Foundation International | www.rugmark.de | RUGMARK is the fair trade label given to manufacturers of carpets and rugs who abide by the RUGMARK code of practice. |
| American Association of Farmworkers | www.afop.org | This site includes the AFOP campaign to eliminate child labour from agriculture in the US. |
| National Consumers' League (NCL), USA | www.nclnet.org | One of the largest consumer organization sites with a number of links to child labour sites as well as its own policy and programmes. |
| UNITE! | www.uniteunion.org | The textile and garment workers union in the US with a wide range of information on child labour and sweatshops. It also provides a number of links primarily to union sites. |
| Youth Advocate Program International (YAPI) | www.yapi.org | This site covers a wide range of issues of interest to young people and the organization also runs its own programmes world-wide. |
| The Concerned for Working Children | www.workingchild.org | This site provides some information and links on child labour. |
| European Union (EU) | www.europa.eu.int | This is the official Web site of the EU. It provides a wide range of links to associated sites as well as policy statements and departmental links within the Commission. |

| Name of Organization | Web Site Address | Brief Profile |
|---|---|---|
| International Save the Children Alliance | www.savethechildren.net | While this is not the best Save The Children site, it provides all the links to the national affiliates and is a good starting point for some of the good work on child labour done by this organization. |
| Levi Strauss & Co. | www.levistrauss.com | The official web site of the jeans multinational has a section relating to its community and grants programme. The company funds projects in certain fields, including social justice. |
| Reebok | www.reebok.com | Reebok has published a human rights statement on its Web site. It claims to be in favour of fair trade and good working conditions and to be against child labour in the manufacture of its products. |
| Clean Clothes Campaign | www.cleanclothes.org | The Clean Clothes Campaign (CCC) aims to improve working conditions in the garment and sportswear industry. One of their key objectives is to target retailers who sell products made with child labour. |

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2